စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၈/၂၀၂၀

## ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ဟိုင်းကြီးကျွန်းမြို့၌ ကြားသီးနှံအဖြစ် ၀၃ ပင်များကို တိုးချဲ့စိုက်ပျိုးလာ
- ဘဏ်တိုးနှုန်းလျှော့ချခြင်း၊ ဘတ်ဂျက်လိုငွေမြင့်မားနိုင်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းစသည့် အချက်တို့ကြောင့် ကျပ်ငွေတန်ဖိုးကျဆင်းစေပြီး ငွေလဲလှယ်နှုန်း ပြန်တက်လာနိုင်သည့်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဘတ်ဂျက်ရေးဆွဲရာတွင် တစ်ဒေါ်လာ ကျပ် ၁၅၂၀ ဖြင့်လျာထားရန်သတ်မှတ်
- ငဖဲမြို့နယ်ရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများကို ချေးငွေနှင့် နည်းပညာပံ့ပိုးပေးရန်လိုအပ်နေ
- ရှမ်းပြည်နယ်ဒေသထွက်ကြက်သွန်ဖြူ ကီလိုသန်းပေါင်းများစွာလှောင့်ပစ်ရမည့် အခြေအနေဖြစ်ပေါ်နေ

### နိုင်ငံတကာဈေးကွက်

- လာမည့်ဆယ်စုနှစ်အတွင်း ထိုင်းဆန်တင်ပို့မှု ကမ္ဘာ့အဆင့်ငါးသို့ လျော့ကျသွားနိုင်ဟု သတိပေးထား
- လုပ်သားရှားပါးမှုကြောင့် မလေးရှားစားအုန်းဆီအထွက် ၂၅ ရာခိုင်နှုန်းအထိ လျော့ကျနိုင်
- ဈေးနှုန်းကျဆင်းနေသဖြင့် ထိုင်းသို့ ငရုတ်သီးတင်ပို့မှု ရပ်နားထား

### ပြည်တွင်းကုန်သွယ်မှုသတင်း

- တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၁၅ သန်းတန်ဖိုးရှိသည့် ပုစွန်မွေးမြူ အေးခဲ၊ တင်ပို့ရောင်းချခြင်းလုပ်ငန်းတစ်ခု MIC ခွင့်ပြု
- ဆောင်ရွက်ဆဲလုပ်ငန်းကိုးခု မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ မွေးမြူရေး၊ စက်မှုနှင့်အခြားကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို MIC ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၅ သန်းကျော် ကျပ်သန်း ၅၄၀၀၀ ကျော်အထိရှိ
- ဒုတိယအကြိမ် ကိုဗစ်ချေးငွေကို စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဦးစားပေးမည်
- ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများ တိုးတက်လာပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ရင်းနှီးမြှုပ်နှံမှုပုံစံပြောင်းလဲလာ

### ပြည်ပကုန်သွယ်မှုသတင်း

- ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကျန်ရှိနေသည့် ကုမ္ပဏီ ၂၇၂ ခု၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်မှ ၂၀၂၁ ခုနှစ် ဇူလိုင် ၂ ရက်အထိ တစ်နှစ်ယာယီပိတ်သိမ်း

### အထူးဆောင်းပါးများ

- စပါးအထွက်တိုးအောင် ဓာတ်မြေဩဇာနှင့် ပေါင်းသတ်ဆေးကိုသာ အားကိုးမနေဘဲ စပါးစိုက်စနစ်လည်းပြုပြင်သင့်

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com

## ဟိုင်းကြီးကျွန်းမြို့၌ ကြားသီးနှံအဖြစ် ဝဥပင်များကို တိုးချဲ့စိုက်ပျိုးလာ

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ တောင်သူများအနေဖြင့် နှစ်ရှည်ပင်များကြား၌ ဝဥပင်များကို ယခုနှစ်တွင် ထပ်မံတိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။''လက်ရှိမှာ ဝဥကို ၁၀ ဧကနီးပါးစိုက်ပျိုးထားပါတယ်။ မျိုးကတော့ဒေသထွက်မျိုးပဲ။ ပျိုးပင်ပေါက်ကတော့ တစ်ပင်ကို ငွေကျပ် ၁၀၀ နဲ့ဝယ်ရပါတယ်။ အဓိကအားဖြင့် ဈေးကွက်အနေအထား တိကျခိုင်မာတယ်ဆိုရင် ကျွန်တော်တို့ဒေသမှာစိုက်ပျိုးမယ့်တောင်သူတွေ များပါတယ်။ ဝဥစိုက်ခင်းတွေ အောင်မြင်မယ်ဆိုရင် တောင်သူတွေအနေနဲ့ တစ်ဖက်တစ်လမ်းက ဝင်ငွေတိုးတာပေ့ါ'' ဟု ဝဥစိုက်ပျိုးသူ တစ်ဦးက ပြောသည်။

ဝဥများမှာ မြန်မာနိုင်ငံနေရာအနှံ့အပြား၌ သဘာဝအလျောက် ပေါက်ရောက်နေသည်ကို တွေ့ရှိရပြီး ဝဥအမျိုးပေါင်း ၁၀၀ ကျော်ရှိသည့်အနက် ၁၂ မျိုးခန့်ကိုသာ ဖော်ထုတ်သုံးစွဲလျက်ရှိကြောင်း၊ ဝဥကို စားသုံးကုန်အဖြစ်လည်းကောင်း၊ တိုင်းရင်းဆေးအနေဖြင့်လည်းကောင်း၊ အလှကုန်ပစ္စည်းကုန်ကြမ်းအဖြစ်လည်းကောင်း၊ စက်မှုကုန်ကြမ်းအနေဖြင့်လည်းကောင်း အသုံးပြုမှုများသည့်အတွက် ဈေးကွက်အတွင်း ဝယ်လိုအားကောင်းပြီး စီးပွားရေးအရလည်း တွက်ခြေကိုက်သည့် အပင်မျိုးဖြစ်ကာ ပူနွေးစိုစွတ်သည့်ရာသီဥတုနှင့် လောင်းရိပ်ကြိုက်သည့် အပင်မျိုးဖြစ်ကြောင်း သိရသည်။



ယခင်နှစ်များက ဝဥဝယ်လိုအားကောင်းပြီး တူးယူရောင်းချသူများသဖြင့် နှစ်အနည်းငယ်အတွင်း ဝဥမျိုးစိတ်များ မျိုးသုဉ်းသွားနိုင်ကြောင်း၊ ယခုကဲ့သို့ စနစ်တကျစိုက်ပျိုးထားမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသည့်အပြင် ဝဥမျိုးစိတ်များ မျိုးသုဉ်းမသွားစေရန် ထိန်းသိမ်းရာရောက်ကြောင်း၊ ဝဥစိုက်ပျိုးရာတွင်၂၀ ကျပ်သားခန့်ရှိ ဝဥများကို တိုက်ရိုက်ချ၍စိုက်ပျိုးခြင်း၊ ဥကြီးများကို လေးစိတ်ခွဲ၍စိုက်ပျိုးခြင်း၊ ဝဥ ပန်းခိုင်မှရရှိသော မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မြေကြီးထဲရှိ ဝဥမကြီးပေါ်မှ အဖုကလေးများကိုဖဲ့ယူ၍ စိုက်ပျိုးခြင်း၊ အရွက်ပေါ်မှ အသီးကလေးများကို ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးနိုင်ပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း မြေအပေါ်ပိုင်းပင်စည် မျိုးခြောက်သွားချိန်တွင် တူးဖော်ကြရကြောင်းသိရသည်။

Source: http://www.myawady.net.mm/business/item/62254–2020–07–13–15–55–05

## ဘဏ်တိုးနှုန်း လျှော့ချခြင်း၊ ဘတ်ဂျက်လိုငွေ မြင့်မားနိုင်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်း စသည့်အချက်တို့ကြောင့် ကျပ်ငွေတန်ဖိုး ကျဆင်းစေပြီး ငွေလဲလှယ်နှုန်း ပြန်တက်လာနိုင်သည့်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘတ်ဂျက်ရေးဆွဲရာတွင် တစ်ဒေါ်လာ ကျပ် ၁၅၂၀ ဖြင့်လျာထားရန် သတ်မှတ်

ဘဏ်တိုးနှုန်းလျှော့ချခြင်း၊ ဘတ်ဂျက်လိုငွေမြင့်မားနိုင်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းစသည့်အချက်တို့ကြောင့် ကျပ်ငွေတန်ဖိုးကျဆင်းစေပြီး ငွေလဲလှယ်နှုန်း ပြန်တက်လာနိုင်သည့်အတွက် အစိုးရဌာန၊ အဖွဲ့အစည်းများသို့ ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ရေးဆွဲရာတွင် တစ်ဒေါ်လာ ကျပ် ၁၅၂၀ ဖြင့်လျာထားရန် သတ်မှတ်ထားကြောင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသည်။ "မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်မှစ၍ ထိန်းချုပ်မှုရှိသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ် နှုန်းသတ်မှတ်ခြင်းကို နိုင်ငံခြားငွေဈေးပြိုင်လေလံအပေါ် အခြေခံ၍ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၄ ရက် နေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည် ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁၃၉၁ ဒသမ ၄ ကျပ် ဖြစ်ပြီး ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁၃၉၁ ကျပ်ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် COVID-19 ကပ်ရောဂါကြောင့် နိုင်ငံအတွင်း အမေရိကန်ဒေါ်လာ လိုအပ်ချက်နည်းပါးလာပြီး ဒေါ်လာငွေတန် ဖိုးကျဆင်း၍ ကျပ်ငွေတန်ဖိုးမြင့် တက်လျက်ရှိသော်လည်း ဘဏ်အတိုးနှုန်းများ လျှော့ချခြင်း၊ အစိုးရဘတ်ဂျက်လိုငွေ မြင့်မားနိုင်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းစသည့် အချက်များကြောင့် ကျပ်ငွေတန်ဖိုးကို ကျဆင်းစေပြီး ငွေလဲလှယ်နှုန်းပြန်လည် မြင့်တက်လာနိုင်သည့်အနေအထားရှိကြောင်းခန့်မှန်းရပါတယ်။ သို့ဖြစ်ပါ၍စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အရ အသုံးခန့်မှန်းခြေငွေစာ ရင်းရေးဆွဲ တင်ပြရာတွင်ဌာနအဖွဲ့အစည်းများသို့ နိုင်ငံခြားငွေလဲလှယ်နှုန်း အမေရိကန် တစ်ဒေါ်လာ လျှင် ကျပ် ၁၅၂၀ ဖြင့် လျာထားရန် သတ်မှတ်ပေးခဲ့ပါတယ်" ဟု ဒုတိယဝန် ကြီး ဦးမောင်မောင်ဝင်း က ပြောကြားသည်။



၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ကျပ် ၁၂၅၈၀၃ ဒသမ ၅၈၃ ဘီလျံဟု ခန့်မှန်းထားပြီး စီးပွားရေးတိုး တက်မှုနှုန်းကို ပုံမှန် ဈေးနှုန်းအရ ခြောက် ရာခိုင်နှုန်းနှင့် နှစ်အလိုက်ဈေးနှုန်းအရ ၉ ဒသမ ၉ ရာခိုင်နှုန်းဟု ခန့်မှန်းထားသည်။ ပြည်ထောင်စု၏ စုစုပေါင်းရငွေကို ကျပ် ၂၇၈၅၁ ဒသမ ၉၀၃ ဘီလျံဟု ခန့်မှန်းထားပြီး ပြည်ထောင်စု၏စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၃၄၆၅၂ ဒသမ ၃၉၃ ဘီလျံဟု ခန့်မှန်းထားကာ ပြည်ထောင်စု၏စုစုပေါင်း လိုငွေမှာ ကျပ် ၆၈၀၀ ဒသမ ၄၉၀ ဘီလျံဟု ခန့်မှန်းထား သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘတ်ဂျက် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅ ဒသမ ၄၁ ရာခိုင် နှုန်းဖြစ်ပြီး ပြည်ထောင်စု၏ အခွန် အကောက်ရငွေစုစုပေါင်း ကျပ် ၈၆၁၅ ဒသမ ၇၇၇ ဘီလျံဟု ခန့်မှန်းထားကာ ပြည်ထောင်စု၏အခွန်အကောက်ရငွေနှင့် ဂျီဒီပီ အချိုးမှာ ၆ ဒသမ ၈၅ ရာခိုင်နှုန်းဟု ခန့်မှန်းထားသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရေးဆွဲရာတွင် အမေရိကန် ဒေါ်လာ တစ်ဒေါ်လာ၏ ငွေကြေးလဲလှယ်နှုန်းကို ၁၅၂၀ ကျပ်ဖြင့်ရေးဆွဲထားသည်။ အရေးပေါ် ရန်ပုံငွေကို ပြည်ထောင်စု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွင် ကျပ် ဘီလျံ ၁၀၀၊ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကျပ် ၃၆ ဘီလျံ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျပ် ၁၄ ဘီလျံ ခွဲဝေလျာထားသည်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှာ ကျပ် ၃၁၇၀၀ ဘီလျံဖြစ်သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာရန်ပုံငွေအတွက် ကျပ်သုံးဘီလျံ လျာထားသည်။ ဝန်ထမ်းနေအိမ်ရေး ဗဟိုရန်ပုံငွေအတွက် နိုင်ငံတော်က စတင်မတည်ငွေ ကျပ် ဘီလျံ ၁၀၀ ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွင်လျာထားသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းအရ ပြည်တွင်းပြည်ပမှ ချေးငွေရယူ နိုင်သည့်ပမာဏမှာ ကျပ် ဘီလျံ ၁၁၀၀၀ ထက်မပိုရန်ဖြစ်ကြောင်း သိရသည်။ Source:https://news-eleven.com/article/183316?

## ငဖဲမြို့နယ်ရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများကို ချေးငွေနှင့် နည်းပညာပံ့ပိုးပေးရန် လိုအပ်နေ

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ နတ်ရေကန်တောင်ပေါ်ဒေသရှိ အရှိုချင်းတိုင်းရင်းသားများ စိုက်ပျိုးသည့် ကော်ဖီ များကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန် အရင်းအနှီးချေးငွေများနှင့် နည်းပညာပံ့ပိုးပေးရန် လိုအပ်နေကြောင်း ဒေသခံ များကပြောသည်။ နတ်ရေကန်တောင်ပေါ်ဒေသ ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် စိုက်ပျိုးထားသည့် ကော်ဖီဧက ၁၀၀၀ ကျော် ရှိသည့်အပြင် ကော်ဖီစိုက်ဧက အသစ်စိုက်ပျိုးလိုကြသဖြင့် ချေးငွေနှင့်နည်းပညာပံ့ပိုးပေးရန် လိုအပ်ခြင်းဖြစ်ကြောင်း ငဖဲ မြို့နယ်၊ ဘုံးဘောကျေးရွာကတောင်သူဦးစိုးထွန်းက ပြောသည်။ “ ရင်းနှီးမြှုပ်နှံမှုပဲဆိုရမလား၊ လိုအပ်တာက ချေးငွေပေ့ါနော်။ အသစ်စိုက်မယ်ဆိုရင် တောင်ယာရှင်းရမယ်။ မြေပြင်ရမယ်။ တစ်ဧကလောက်၊ နှစ်ဧကလောက်စိုက်ဖို့၊ ရှင်းဖို့အရေးကို ငွေက လိုသေးတယ်။ တကယ်လို့သာ ရင်းနှီးမြှုပ်နှံမှုအတွက် ပေးမယ်ဆိုရင် နောက်ပြီးတော့ အရည်အသွေးပြည့်မီဖို့ဆိုတာက လည်း ပညာရှင်တွေက နည်းပညာပေးဖို့လိုသေးတယ်။ ကျွန်တော်တို့က သိပ်ပြီးနားလည်တာမဟုတ်ဘူး။ သူတို့က အရင်းအနှီးတွေ၊ နည်းပညာတွေ ပံ့ပိုးပေးမယ်ဆိုရင် နိုင်ငံတကာစံနှုန်းမီမှာပေ့ါဗျာ” ဟု ၄င်းကပြောသည်။

ကိုဗစ်-၁၉ ကုစားမှုအစီအစဉ်အရ မဲခေါင်-လန်ချန်းရန်ပုံငွေထောက်ပံ့မှုဖြင့် စိုက်ပျိုးရေးဦးစီဌာန၊ ကော်ဖီ- ရာသီသီးနှံ ဌာနခွဲကငဖဲမြို့နယ်ရှိနတ်ရေကန်တောင်ပေါ်ကျေးရွာဒေသခံများကိုကော်ဖီပျိုးပင်ခြောက်သောင်းနှင့်အရိပ်ရအပင် တစ်သောင်း အပြင် ကော်ဖီစိုက်ပျိုးရာတွင်လိုအပ်သည့်ပစ္စည်းကိရိယာများကို ဇူလိုင်လ ၁၁ ရက်က ဘုံးဘောကျေးရွာ၌ ပေးအပ်သည်။ နတ်ရေကန်တောင်ပေါ်ဒေသရှိ အရှိုချင်းတိုင်းရင်းသားများက ရွှေ့ပြောင်း တောင်ယာလုပ်ကိုင်ခြင်း၊ ဝဥနှင့် ၄က်ပျောစိုက်ပျိုး ခြင်းကို အဓိကထားလုပ်ကိုင်ကြသဖြင့် ကော်ဖီပင်များ အစားထိုးစိုက်ပျိုးကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု လျော့နည်း လာပြီး တောတောင်များ စိမ်းလန်းစိုပြေလာမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းဇော်ဌေးက “စိုက်ပျိုးစရိတ် ချေးငွေရဖို့ လုပ်ထုံးလုပ်နည်းနဲ့ မညီဘူးဖြစ်နေတယ်။ အဲဒီတော့ တခြားနည်းနဲ့ဘယ်လိုပေးဖို့ဆိုတာ ကျွန်တော်တို့ အစိုးရ အဖွဲ့မှာ တင်ပြထားတာရှိပါတယ်။ ဒီကော်ဖီစိုက်ပျိုးတဲ့ဒေသခံတွေအတွက် စိုက်ဧကတွေမှာ ပုံစံ (၇) တွေက အခက်အခဲရှိနေ တယ်။ တခြားနည်းနဲ့ ချေးငွေရနိုင်မယ့်နည်း ကျွန်တော်တင်ပြထားတာ ရှိပါတယ်။ ဒီဒေသမှာ ချေးငွေရနိုင်အောင် တတ်နိုင် သလောက်တော့ ကြိုးစားဆောင်ရွက်နေပါတယ်” ဟု ပြောသည်။ နတ်ရေကန်တောင်ဒေသက ထွက်ရှိသော ကော်ဖီများကို ရွာငံကိုတင်ပို့မှုများပြီး ရွာငံကတစ်ဆင့် ပြည်ပတင်ပို့ ရောင်းချကြသည်။ ယခင်နှစ်က ကော်ဖီစေ့ တစ်ပိဿာကို ကျပ် ၅၀၀၀ ရောင်းချရပြီး ယခုနှစ်တွင် ကိုဗစ်-၁၉ ဂယက်ကြောင့် တစ်ပိဿာကို ကျပ် ၃၀၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။

Source: the farmer journal

### ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူ ကီလို သန်းပေါင်းများစွာ လွှင့်ပစ်ရမည့် အခြေအနေ ဖြစ်ပေါ်နေ

တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေး တံတားအား အမြန်ဆုံးမဖွင့်လှစ်နိုင်ပါက ရှမ်းပြည်နယ် ဒေသအတွင်း တောင်သူများစိုက်ပျိုးထားသည့် ခရမ်းစွဲကြက်သွန်ဖြူ ကီလိုသန်းပေါင်းများစွာ လွှင့်ပစ်ရမည့် အခြေအနေဖြစ်ပေါ်နေပြီး ယင်းအခြေအနေနှင့်ပတ်သက်၍ အစိုးရမှ ကူညီပေးနိုင်ရေးအတွက် လွှတ်တော်တွင် ကြယ်ပွင့်မပြမေးခွန်း မေးမြန်းသွားမည်ဖြစ်သည်ဟု မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင် ထံကသိရသည်။ “မနှစ်ကလည်း ထိုင်းက အခွန်မြင့်တာဖြစ်လို့ တောင်သူတွေအထိ နာခဲ့တယ်။ အခုလည်း ထိုင်းဘက် ကတော့ ပစ္စည်းတွေ ဝင်လာပေမယ့် မြန်မာဘက်ကတော့ အဆင်ပြေတဲ့ တံတား (၁) မဖွင့်တော့ မသွားနိုင်ဘူး။ ထိုင်းဘက်က တံတား (၁)က ဖွင့်မှ အဲဒီကပို့တဲ့နည်းလမ်းက တောင်သူတွေသက်သာပြီး အဆင်ပြေနိုင်တာဖြစ်လို့ အစိုးရအနေနဲ့ တောင်သူတွေ အကျိုးစီးပွားအတွက် ထိုင်းအစိုးရကို ညှိနှိုင်းပေးစေချင်တယ်။ တောင်သူအကျိုးစီးပွားကိုမျှော်ကိုးပြီး ကူညီစေချင်လို့ ကြယ်ပွင့် မပြနဲ့ လွှတ်တော်ကို တင်ပြသွားဖို့ ရှိပါ့မယ်”ဟု ဦးစိုင်းနောင့်က ကမ္ဘောဇတိုင်းသို့ ပြောသည်။.

လက်ရှိတွင် ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူများမှာ တစ်ပိဿာ ၁၂၀၀ ကျပ်မှ ၁၃၀၀ ကျပ် သာရရှိနေပြီး ထိုင်းနိုင်ငံဘက်မှ ချစ်ကြည်ရေးတံတား အမှတ် (၁) မ ဖွင့်သေးသည့်အတွက် ဈေးကွက်မရှိ သဖြင့် လဲချား၊ မိုင်းပန်၊ မိုးနဲ၊ မိုင်းတုံ၊ ပုံပါကျင် စသည့်ဒေသများမှ ထွက်ရှိသည့် ခရမ်းစွဲကြက်သွန်ဖြူ အလေးချိန် ကီလိုပေါင်းများစွာ ဆုံးရှုံးနိုင်မည့် အခြေအနေတွင် ရှိနေခြင်း ဖြစ် ကြောင်း သိရသည်။.



“ထိုင်းအစိုးရက သူ့တောင်သူတွေအတွက် အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးတဲ့ အနေနဲ့ အခွန်မြှင့်ပြီးကောက်တော့ ဒီကတောင်သူတွေ မတတ်နိုင်ဘူး။ ခက်တာက ထိုင်းဘက်က ပစ္စည်းဝယ်လည်း မြန်မာကုန်သည်တွေကပဲ ထိုင်းဘက်ရော မြန်မာဘက်ပါ အခွန်ဆောင်ရတယ်။ မြန်မာဘက်က ပစ္စည်းသွားရောင်းတော့လည်း မြန်မာကုန်သည်ကပဲ ၂ ဘက်လုံးအခွန်ဆောင်ရတယ်။ ထိုင်းကုန်သည်တွေ ထိုင်ရောင်းထိုင်ဝယ်လုပ်နေရုံပဲ။ အခုလည်း ကြက်သွန်ဖြူ ကုန်သည်တွေ မြန်မာဘက်မှာ အခွန်ဆောင်ပြီးပေမဲ့ ထိုင်းဘက်ကို ပို့ဖို့ကြတော့ ခက်နေရတယ်။ ဒါကို ညှိနှိုင်းနိုင်မှ တောင်သူတွေ အသက်ရှူချောင်မယ်။ တာချီလိတ် ချစ်ကြည်ရေးတံတား အမှတ် (၁) က တစ်ပိုင်တစ်နိုင် သယ်ယူရောင်းချမှုကသာ ကြက်သွန်ဖြူ တောင်သူများ အတွက် အဆင်ပြေ မယ်”ဟု ၎င်းက သုံးသပ်ပြောဆိုခဲ့ သည်။

. ရှမ်းပြည်နယ်ထွက် ခရမ်းစွဲကြက်သွန်ဖြူမှာ အမြိတ်ပါပြီး ထိုင်းဘက်မှ ကြိုက်နှစ်သက်သည့် အနံ့အရသာများ ရှိသော်လည်း တရုတ်ဘက်မှ ဝင်ရောက်သည့်အမွှာကြီး ကြက်သွန်ဖြူများကို ဈေးအရမယှဉ်နိုင်ဖြစ်နေရကာ လက်ရှိ ပြည်တွင်းဈေးကွက်တွင် အမွှာသေးများဝယ်လက်မရှိဘဲ အမွှာကြီးများသာ ကျပ် ၁၄၀၀/၁၅၀၀ ခန့်ဖြင့် အရောင်းအဝယ် ဖြစ်နေကြကြောင်း သိရသည်။ Source: https://www.kanbawzatainews.com/2020/07/MinZawMin_14.html

## နိုင်ငံတကာဈေးကွက်

### လာမည့် ဆယ်စုနှစ်အတွင်း ထိုင်းဆန်တင်ပို့မှု ကမ္ဘာ့အဆင့်ငါးသို့ လျော့ကျသွားနိုင်ဟု သတိပေးထား

ထိုင်းနိုင်ငံက လက်ရှိအခြေအနေကိုတင်းတိမ်နေပြီးဆန်စပါးမျိုးစေ့နှင့်ဆန်ဈေးကွက်ဆိုင်ရာကာလရှည် မဟာဗျူဟာချမှတ်ဖော်ဆောင်ခြင်းမရှိပါက လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာ့ဆန်တင်ပို့မှုအဆင့်ငါးသို့ လျော့ကျသွားရန်ရှိနေကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက သတိပေးလိုက်သည်။ နိုင်ငံ၏ လက်ရှိဆန်စပါးမူဝါဒတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ပါဝင်ခြင်းမရှိသဖြင့် ဆန်တင်ပို့မှု ဆက်တိုက်ကျဆင်းလာသည်ကို ကြုံတွေ့ရနိုင်ကြောင်း အဖွဲ့ဥက္ကဋ္ဌ Charoen Laothammatas က ဗုဒ္ဓဟူးနေ့ တွင်ပြောသည်။

ထိုင်းနိုင်ငံတွင် ဆန်စပါးအတွက်ချပေးသော သုတေသနနှင့်ဖွံ့ဖြိုးရေးရန်ပုံငွေလည်း နည်းပါးနေသည်ဟု ၎င်းကပြောသည်။ “နံပါတ်တစ် ဦးစားပေးအချက်ကတော့ စပါးမျိုးစေ့ထုတ်လုပ်မှုအတွက် သုတေသနနဲ့ ဖွံ့ဖြိုးရေး ရန်ပုံငွေနည်းပါးနေတာပါပဲ။ အထူးသဖြင့် ကမ္ဘာ့ဈေးကွက်မှာ ဝယ်လိုအားကောင်းနေတဲ့ ဆန်သားပျော့ ဆန်ဖြူအမျိုးအစားအတွက် ဖြစ်ပါ တယ်” ဟု Mr Charoen ကပြောသည်။ “ထိုင်းနိုင်ငံရဲ့ စိုက်ပျိုးထုတ်လုပ်စရိတ်က တခြားပြိုင်ဘက်နိုင်ငံတွေထက် ပိုမြင့်နေတဲ့ အပြင် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်မှုနဲ့ ဘတ်ငွေအားကောင်းမှုတွေကလည်း ထိုင်းဆန်ကိုပြိုင်ဘက်ဆန်တွေထက် ဈေးပိုကြီးစေပါတယ်”ဟု ၎င်းကပြောသည်။ မိုးခေါင်၊ ရေကြီး သဘာဝဘေးများ တစ်လှည့်စီကြုံတွေ့နေရခြင်းက ထိုင်းဆန်ထုတ်လုပ်မှုကို ထိခိုက်စေပြီး ဆန်စပါးသတင်းအချက်အလက်တိတိကျကျမရှိခြင်းကလည်း ထိရောက်သည့်ဈေးကွက်ချဲ့ထွင်ရေးအစီအစဉ်များ ချမှတ်ရခက်ခဲ့စေကြောင်း ၎င်းကပြောသည်။ “သက်ဆိုင်ရာ အာဏာပိုင်တွေအနေနဲ့ ကာလရှည်ဗျူဟာချမှတ်တဲ့အခါ ဆန်စပါးလုပ်ငန်းရဲ့ ထောက်ပံ့ရောင်းချမှု ကွင်းဆက်တစ်ခုလုံးကို ထည့်သွင်းစဉ်းစားဖို့ တိုက်တွန်းလိုပါတယ်။ မျိုးစေ့လုပ်ငန်း၊

ဆန်စက်လုပ်ငန်း၊ စပါးပွဲစား၊ မျိုးစေ့ထုတ်လုပ်သူ၊ ကုန်သည်၊ ပို့ကုန်လုပ်ငန်းရှင်အားလုံးကို ထည့်စဉ်းစားရပါမယ်” ဟု Mr Charoen ကပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကဲ့သို့ အခြားသော ဆန်ထုတ်လုပ်နိုင်ငံများသည် ပြည်တွင်းစပါးအထွက်မြင့်တင်နိုင်ရန် သုတေသနလုပ်ငန်းတွင် ငွေကြေးများစွာမြှုပ်နှံခဲ့သည်ဟု ၎င်းကပြောသည်။ ယခုအခါ တရုတ်နိုင်ငံ၏ ဧရိယာတစ်ရိုင် စပါး အထွက်နှုန်းသည် နှစ်တန်ဝန်းကျင်ရှိပြီး ဗီယက်နမ်၏ အထွက်နှုန်းသည် ကီလို ၉၆၀ ဝန်းကျင်ရှိနေချိန်တွင် ထိုင်းနိုင်ငံ၏ တစ်ရိုင်လျှင် အထွက်နှုန်း ကီလို ၄၅၀ သာရှိသည်။

ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းသည် ၂၀၂၀ ပြည့်နှစ် ထိုင်းဆန်တင်ပို့မှုကို ကနဦးက တန်ချိန် ၇ ဒသမ ၅ သန်း ဟု ခန့်မှန်းခဲ့ရာမှ နှစ် ၂၀ အတွင်းအနိမ့်ဆုံးပမာဏ တန်ချိန် ၆ ဒသမ ၅ သန်းသို့ လျှော့ချခဲ့သည်။ ထိုသို့ခန့်မှန်းချက် လျှော့ချရ သည်မှာ ကမ္ဘာ့ဆန်ဝယ်လိုအားကိုထိခိုက်စေသောကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းထိုင်းဆန်ကိုဈေးကြီးမြင့်စေသော ဘတ်ငွေ အားကောင်းမှုနှင့် မိုးဆက်တိုက်ခေါင်ရာမှ အထွက်ကျဆင်းမှု စသည့်အချက်များကြောင့်ဖြစ်သည်ဟု ပြောသည်။ ဘတ်ငွေ အားကောင်းနေခြင်းကြောင့် ထိုင်းဆန်ဈေးသည် ပြိုင်ဘက်ဆန်များထက် တစ်တန်လျှင် ကန်ဒေါ်လာ ၃၀ မှ ၈၀ အထိ ပိုများ နေပြီး ဒေသများစွာမိုးခေါင်မှုကြောင့် ပြည်တွင်းဆန်စပါးရောင်းလိုအားမှာ ၂၀ ရာခိုင်နှုန်း သို့မဟုတ် စပါးတန်ချိန် ငါးသန်း ကျဆင်းခဲ့ရသည်။

ဖိလစ်ပိုင်၊ မလေးရှား၊ တရုတ်စသော အဓိကဝယ်လက်များက ဆန်သားပျော့သောဆန်ကို ဝယ်ယူလိုကြ သော်လည်း ထိုင်းနိုင်ငံမှာ ၎င်းအမျိုးအစားထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း Mr Charoen ကပြောသည်။ တရုတ်နိုင်ငံ၏ ဆန်လက်ကျန် သည် တန်ချိန် သန်း ၆၀-၇၀ ပုံမှန်ရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၁၇ သန်းအထိ မြင့်တက်နေသဖြင့် တရုတ်၏ ယခုနှစ် ဆန်သွင်းကုန်ဝယ်လိုအား ကျဆင်းဖွယ်ရှိနေသည်။

တရုတ်က ယခုနှစ်တွင် ဆန်အသားတင်တင်ပို့သည့်နိုင်ငံအဖြစ် ကူးပြောင်းလာကာ အာဖရိကသို့ ဆန်တန်ချိန် ၃ ဒသမ ၅ သန်းမှ တန်ချိန် ၄ သန်းအထိတင်ပို့မည်ဟု မျှော်လင့်ထားသည်။ “ကိုဗစ်ကြောင့် ဧပြီလထဲမှာ နိုင်ငံအများစုက အရန်ဆန် ဖြည့်တင်းဝယ်ယူခဲ့ကြပြီးဖြစ်တာကြောင့် အခုနှစ် ဒုတိယနှစ်ဝက်မှာ ထိုင်းနိုင်ငံရဲ့ဆန်တင်ပို့မှု နှေးကွေးလာနိုင်ပါတယ်” ဟု ၎င်းကပြောသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၁၄ သန်း တင်ပို့ခဲ့ရာ နှစ်အလိုက် ပမာဏ ၃၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တန်ဖိုးအားဖြင့် ၁၂ ရာခိုင်နှုန်းကျဆင်းကာ ဒေါ်လာ ၂ ဒသမ ၂ ဘီလျံရှိခဲ့သည်။ ၎င်းကာလအတွင်း ထိုင်းနိုင်ငံက ကမ္ဘာ့ဆန်တင်ပို့မှု တတိယအများဆုံးအဖြစ်ရပ်တည်ခဲ့ပြီး ထိုင်း အထက်ရှိ အိန္ဒိယနှင့် ဗီယက်နမ်တို့က တန်ချိန် ၄ ဒသမ ၅၃ သန်းနှင့် တန်ချိန် ၄ ဒသမ ၀၄ သန်း အသီးသီး တင်ပို့ခဲ့သည်။

Source: https://www.thefarmermedia.com/news/15378

## လုပ်သားရှားပါးမှုကြောင့် မလေးရှားစားအုန်းဆီအထွက် ၂၅ ရာခိုင်နှုန်းအထိ လျော့ကျနိုင်

မလေးရှားနိုင်ငံတွင် လုပ်သားပြတ်လပ်မှုကြောင့် စားအုန်းဆီအထွက်နှုန်း ၂၅ ရာခိုင်နှုန်းဆုံးရှုံးမှု ကြုံရနိုင်ပြီး လုပ်သား ပြဿနာမှာလာမည့်လများတွင်ပိုဆိုးလာနိုင်ကြောင်း မလေးရှားစားအုန်းဆီအသင်း (MPOA)က ဇူလိုင်၂၀ ရက်တွင်ပြောသည်။ ပြည်ပလုပ်သားသစ်ခေါ်ယူမှုကို ဒီဇင်ဘာလအထိ ထိန်းချုပ်တင်းကျပ်သွားမည့် အစိုးရ၏ဆုံးဖြတ်ချက်သည် စားအုန်းဆီ လုပ်ငန်းကို “ပျက်ကိန်းဆိုက်” စေမည်ဟု ဆီအုန်းလုပ်ငန်းများကို ကိုယ်စားပြုသော MPOA အဖွဲ့ကပြောသည်။ “ ကိုဗစ် မတိုင် ခင်ကတည်းက လုပ်သားလိုအပ်ချက်က ၃၆၀၀၀ လောက်ရှိနေတာပါ။ အဲဒီပြတ်လပ်မှုကြောင့် ဆီအုန်းအားဖြစ်သင့်တဲ့ အထွက်နှုန်းထက် ၁၀-၂၅ ရာခိုင်နှုန်းလောက်လျော့ကျခဲ့ပါတယ်” ဟု MPOA အဖွဲ့ အမှုဆောင်အရာရှိချုပ် Nageeb Wahab က ညီလာခံတစ်ခုတွင်ပြောသည်။

ကမ္ဘာတွင် စားအုန်းဆီထုတ်လုပ်မှု ဒုတိယအများဆုံး မလေးရှားနိုင်ငံသည် ဆီအုန်းလုပ်သားထုတွင် ၈၄ ရာခိုင်နှုန်း အထိ ပါဝင်သော အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများက လာသည့်ပြည်ပလုပ်သားများကို မှီခိုနေရသည်။ နယ်စပ်ဂိတ် သိမ်းမှုများရှိလာသဖြင့် လုပ်သားထောင်နှင့်ချီ၍ နေရပ်သို့ ပြန်လည်ထွက်ခွာသွားကြပြီးဖြစ်ကာ ၎င်းတို့၏ နေရာတွင် အစားထိုး နိုင်ခြင်းမရှိသေးကြောင်း MPOA အဖွဲ့ကပြောသည်။

ဆီအုန်းလှိုင်လှိုင်စထွက်မည့် စက်တင်ဘာရောက်ခါနီးကာလတွင် လုပ်သားရှားပါးမှုကြောင့် ဆီအုန်းဆွတ်ခူးမှု နှောင့် နှေးပြီး စားအုန်းဆီအထွက်ကို ကျဆင်းစေဖွယ်ရှိသည်။ ဆီအုန်းစိုက်ခင်းလုပ်ငန်းရှင်များသည် အစိုးရမူဝါဒနှင့်အညီ ပြည်တွင်း လုပ်သားများကိုခန့်ထားရန် ကြိုးပမ်းနေကြသော်လည်း ဒေသခံများက ၎င်းအလုပ် ကို ခက်ခဲကြမ်းတမ်း၊ အန္တရာယ်များပြီး

အောက်ကျသောအလုပ်ဟု ရှုမြင်ထားကာ ဝင်ရောက်လုပ်ကိုင်လိုခြင်း မရှိကြပေ။ “ ပြည်တွင်းလုပ်သား ခန့်ထားရေး အစီအစဉ် မအောင်မြင်ခဲ့ဘူးဆိုရင် အစိုးရက ကြားဝင်ကူညီပေးဖို့ လိုအပ်ပါတယ်” ဟု ၎င်းကပြောသည်။ နှစ်ရှည်ပင်နှင့် စက်မှုသီးနှံ ဝန်ကြီးဌာနသည် လုပ်သားပြဿနာဖြေရှင်းနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ဆွေးနွေးနေသည်ဟု ဝန်ကြီးဌာန ဒုတိယဝန်ကြီး Willie Mongin က ပြောသည်။ “ကျွန်တော်တို့ လုပ်သားရှားပါးမှုပြဿနာကို ဆွေးနွေးအဖြေရှာပြီး ဗျူဟာ တစ်ရပ်ဖော်ထုတ်သွားပါမယ်”ဟု ၎င်းက ညီလာခံတွင် ပြောသည်။

မလေးရှားနိုင်ငံသည် စားအုန်းဆီဇီဝလောင်စာဆီကို ယခုနှစ်ကစတင်၍ ကန့်သတ်ခဲ့သော ဥရောပသမဂ္ဂအဖွဲ့ကိုလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (WTO) ထံသို့ တိုင်တန်းရန် ပြင်ဆင်နေကြောင်း Willie က ပြောသည်။ “မလေးရှားစားအုန်းဆီကို ခွဲခြားဆက်ဆံတဲ့ အီးယူကိုဥပဒေကြောင်းအရ အရေးယူသွားဖို့နဲ့ပတ်သက်ပြီး ကျွန်တော်တို့ဘက်က အလျှော့မပေးဘဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ၎င်းကပြောသည်။ Source: the farmer journal

## ဈေးနှုန်းကျဆင်းနေသဖြင့် ထိုင်းသို့ ငရုတ်သီးတင်ပို့မှု ရပ်နားထား

ထိုင်းနိုင်ငံက ဝယ်ယူနေသော်လည်း ဈေးနှုန်းကျဆင်းနေသဖြင့် ကုန်ကျစရိတ်နှင့် တွက်ချက်လိုက်လျှင် မကိုက်တော့သဖြင့် ငရုတ်သီးတင်ပို့မှုကို ရပ်နားထားရကြောင်း ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေး အသင်း (မန္တလေး) ကသိရသည်။ “ထိုင်းကိုတင်ပို့တာက ငါးပိဿာကို အရင်က ကျပ် ၁၅၀၀၀ ရရှိခဲ့တယ်။ အခုကျပ်တစ်သောင်းပဲ ပေးတော့တယ်။ အဲဒီဈေးက တင်ပို့စရိတ်၊ တောင်သူတွေဆီက ဝယ်ယူစရိတ်တွေနဲ့ တွက်ချက်လိုက်ရင်မကိုက်တော့တဲ့အတွက် တင်ပို့မှုကို ခေတ္တရပ်နားထားတာပါ”ဟု အဆိုပါအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။ ထိုင်းနိုင်ငံက မေလအတွင်း ငရုတ်အစို ဝယ်ယူရန်ကမ်းလှမ်းခဲ့ပြီး ဇွန်လမှ စတင်ကာတင်ပို့မှုရှိခဲ့ကြောင်း၊ စတင်တင်ပို့စဉ်တွင် ဈေးကောင်းရရှိသော်လည်း နောက်ပိုင်းတွင်ဈေးနှုန်းတဖြည်းဖြည်းလျှော့ချဝယ်ယူလာခြင်းကြောင့်တွက်ခြေမကိုက်တော့သဖြင့် ဇူလိုင်လမှစတင်ကာတင်ပို့မှုကို ရပ်နားလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ “ထိုင်းဈေးကွက်ကနေ တခြားနိုင်ငံတွေ ကိုပို့တာကို အဲဒီကို ဗီယက်နမ်ကဝင်တယ်၊ တရုတ်ကဝင်တယ်၊ သူတို့အသီးကွာလတီနဲ့ ကိုယ့်ဆီက ကွာလတီနဲ့ ယှဉ်တဲ့အခါမှာ ကိုယ့်ကွာလတီက သူတို့ထက်နိမ့်တယ်။ ဈေးကမြင့်တယ်ဆိုတော့ တိုးလို့မရဘူး၊ တောင်သူဘက်ကကြည့်တော့ဈေးမရဘူး၊ ပွဲရုံတွေဘက်ကလည်း ဈေးအမြင့်ပေးဝယ်ရတယ်ဆိုတော့ အဆင်မပြေကြဘူး ဖြစ် နေတာပါ”ဟု ငရုတ်ကုန်သည် ဦးစန်လင်းက ပြောသည်။




တောင်သူများက အရပ်ဘက်ပွဲစားများထံသို့ ရောင်းချကြပြီး ပွဲစားများကတစ်ဆင့် ပွဲရုံများထံသို့ ရောင်းချသဖြင့် ကြားခံအဆင့်ဆင့် ရောင်းချခြင်းကြောင့် ပြည်တွင်းငရုတ်ဈေး မြင့်တက်လာချိန်တွင် ပြည်ပပေါက်ဈေး ကျနေသဖြင့် ပြည်တွင်းပေါက်ဈေးမှာပြည်ပပေါက်ဈေးထက်ပင် မြင့်နေကြောင်း သိရသည်။ “ပေါက်ဈေးက ကျပ် ၁၇၀၀၀ လောက်ပေါက်ဈေးရှိတာကို ကျပ် ၂၀၀၀၀ကျော်အထိ ဈေးတွေဖြစ်နေတော့ တင်ပို့လို့အဆင်မပြေတော့ဘူး။ ဟို (ထိုင်း) မှာက တစ်ပိဿာကိုကျပ် ၁၉၀၀၀ လောက်ပဲရှိတယ်၊ ဒီမှာ ကျပ်၂၃၀၀၀ လောက်အထိရှိတော့ ပွဲရုံတွေ ပိတ်လိုက်ရတယ်။ အဲဒီလိုဖြစ်နေတာက နှစ်ပတ်လောက် တော့ရှိပါပြီ”ဟု ဒေါ်ဥမ္မာကျော်က ပြောသည်။

တရုတ်နိုင်ငံသို့တင်ပို့ရန် အခြေအနေမှာလည်း တရုတ်တွင် ယခုနှစ် ငရုတ် အထွက်နှုန်းကောင်းနေသဖြင့် အခက်တွေ့နေသည်။ ထို့ကြောင့် ယခုအခြေအနေအရပြည်တွင်းငရုတ်ဈေးနှုန်း မြင့်တက်နိုင်ခြေ မရှိကြောင်းသိရသည်။ ငရုတ်သီးများကို အခြောက်ခံကာတင်ပို့နိုင်သော်လည်း နည်းပညာဆိုင်ရာလိုအပ်ချက်နှင့် ဈေးကွက်ရရှိမှု နည်းပါးမှုတို့ကြောင့် အခက်အခဲရှိနေသေးကြောင်း သိရသည်။ Source: http://htwettoe.com/article-details/news/9737619

# ပြည်တွင်းကုန်သွယ်မှုသတင်း

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၁၅ သန်းတန်ဖိုးရှိသည့် ပုစွန်မွေးမြူ အေးခဲ၊ တင်ပို့ရောင်းချခြင်းလုပ်ငန်းတစ်ခု MIC ခွင့်ပြု

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၁၅ သန်းတန်ဖိုးရှိ ပုစွန်မွေးမြူ အေးခဲ၊ တင်ပို့ရောင်းချခြင်း လုပ်ငန်းတစ်ခု ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ သိရသည်။ ဇူလိုင် ၁၀ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၂၀၂၀) အစည်းအဝေးတွင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစည်း

အဝေးတွင် ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများအနက် တနင်္သာရီတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမည့် ဒေါ်လာ ၁၁၅ သန်း တန်ဖိုးရှိပြီး လုပ်သားအင်အား ၁၀၀၀ ကျော်အား အလုပ်အကိုင် ဖန်တီးပေးနိုင်မည့် ပုစွန် မွေးမြူ အေးခဲ၊ တင်ပို့ရောင်းချခြင်း လုပ်ငန်း တစ်ခု ပါဝင်ကြောင်း ထုတ်ပြန်ထား သည်။

ပြည်တွင်း၌ မွေးမြူရေးစွမ်းအားများကို တိုးတက်လာအောင်ဆောင်ရွက်နိုင်မည်ဆိုပါက မကြာမီကာလအတွင်း ရေထွက်ကုန်တင်ပို့မှုသည် တစ်နှစ်လျှင် ဒေါ်လာတစ်ဘီလျံအထိ တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ "ပြည်တွင်းမှာလည်း မွေးမြူရေးစွမ်းအားတွေကို တိုးတက်လာအောင် ဆောင်ရွက်နိုင်မယ်ဆိုရင် မကြာခင်ကာလမှာ ဒေါ်လာ တစ်ဘီလျံလောက်အထိကို တင်ပို့နိုင်မယ့် အနေအထားဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ပြီးခဲ့သည့် အစိုးရ စတုတ္ထတစ်နှစ်တာကာလအတွင်း ပြည်ပသို့ ငါး၊ ပုစွန် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာသန်း ၇၃၀ ကျော် ရရှိထားသည်။ " ရေထွက်ပစ္စည်းပေါ့။ အဲဒီမှာရေချိုငါး မွေးမြူရေးနဲ့ ရေငန်ငါးမွေးမြူရေးတွေမှာ တိုးတက်လာခဲ့တာကြောင့်မို့ ငါးမွေးမြူရေး ပို့ကုန်ကနေမှ ရေထွက်ပစ္စည်းပို့ကုန်ကနေမှ ပြီးခဲ့တဲ့နှစ်က ဒေါ်လာ ၇၃၂ သန်းလောက် တင်ပို့နိုင်ခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြား သည်။

လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးတွင် ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၇၀၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၅ သန်း ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာ ၇၀၃ ဒသမ ၇၂၈ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ ဒေါ်လာ ၅၉၈ ဒသမ ၇၀၃ သန်း ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးတွင် ပြည်ပသို့ ရေထွက် ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၅ သန်း ပိုမိုရရှိထားခြင်းဖြစ်သည်။



လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန် အပါအဝင် ရေထွက်ကုန်ပစ္စည်းတင်ပို့နေသည့်ပမာဏက အိမ်နီးချင်းနိုင်ငံများ၏ တင်ပို့မှု ပမာဏကိုမီရန် အဆပေါင်းများစွာ လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် တင်ပို့မှု ပမာဏကို မြင့်တင်ရာတွင် သဘာဝဖမ်းဆီးရောင်းချခြင်းထက် မွေးမြူရေးစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်၍ တင်ပို့သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။ အစိုးရသစ်လက်တွင် ရင်းနှီးမြှုပ်နှံမှုများခွင့်ပြုပေးရာတွင် နိုင်ငံ၏သယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲသောကဏ္ဍများထက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့်လုပ်ငန်းအမျိုးအစားများကို ဦးစားပေးခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ် အဆင့်ရှိသည့်နိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိ)၊ ကာလလတ် ငါးနှစ် (၂၀၂၁-၂၀၂၂ ခုနှစ်မှ-၂၀၂၅- ၂၀၂၆ အထိ)၊ ကာလရှည် ၁၀ နှစ် (၂၀၂၆- ၂၀၂၇ ခုနှစ်မှ ၂၀၃၅-၂၀၃၆ အထိ) အသီးသီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ Source: https://news-eleven.com/article/182367

## ဆောင်ရွက်ဆဲလုပ်ငန်းကိုးခု မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ မွေးမြူရေး၊ စက်မှုနှင့် အခြားကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို MIC ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၅ သန်း ကျော်နှင့် ကျပ်သန်း ၅၄၀၀၀ ကျော်အထိရှိ

ဆောင်ရွက်ဆဲလုပ်ငန်းကိုးခု မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ မွေးမြူရေး၊ စက်မှုနှင့် အခြားကဏ္ဍတို့၌ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ရှစ်ခုကို ထပ်မံခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၅ သန်းကျော်နှင့် ကျပ်သန်း ၅၄၀၀၀ ကျော်အထိရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ထုတ်ပြန်ထားသည်။

ဇူလိုင် ၁၀ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၂၀၂၀) အစည်းအဝေးတွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ကိုးခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် အခြားကဏ္ဍတို့မှ လုပ်ငန်းရှစ်ခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ

လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၁၃၅ ဒသမ ၁၄၄ သန်းနှင့် ကျပ် ၅၄၁၁၅ ဒသမ ၇၂၃သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း ၂၀၀၀ ကျော် ဖန်တီးပေး နိုင်မည်ဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ် ကိုးလခန့်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉၀ နီးပါးခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄ ဒသမ ၃ ဘီလျံအထိရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီး ဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပြောကြားသည်။ “ ကျွန်တော်တို့ ဒီနှစ်ထဲမှာ ဇွန်လ ၂၃ ရက်အထိ မနေ့ကအထိ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သတ်ပြီးတော့ လုပ်ငန်းပေါင်း ၁၈၉ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ လုပ်ငန်းပေါင်း ၁၈၉ ခုကို ခွင့်ပြုမိန့် MIC က ထုတ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီ ၁၈၉ ခုက ရင်းနှီး မြှုပ်နှံမယ့် ရင်းနှီးမြှုပ်နှံမှုပမာဏက ဒေါ်လာ ၄၃၀၇ သန်းဖြစ်ပါတယ်။ အဲတော့ အခုလက်ရှိအခြေအနေအထိကို ဒီနှစ်အတွင်းမှာ ဒေါ်လာ ၄ ဒသမ ၃ ဘီလျံလောက် ကျွန်တော်တို့ MIC က ခွင့်ပြုမိန့်ထုတ်ပေးထားပြီးဖြစ်တယ်” ဟု အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပြောကြားသည်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၇ ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၁ ဒသမ ၃၇ ထရီလီယံအထိရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပြောကြားသည်။ “ ဇွန် ၂၃ ရက်အထိမနေ့ကအထိပေါ့။ တစ်နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအားလုံး ၈၇ ခု ခွင့်ပြုမိန့် ထုတ်ပေးထားနိုင်ပါတယ်။ လုပ်ငန်း ၈၇ ခုကနေပြီးတော့မှ ခွင့်ပြုလိုက်တဲ့ငွေပမာဏက ကျပ်ငွေ ၁ ဒသမ ၃၇ ထရီလီယံ ဖြစ်ပါတယ်။ တစ်နည်းအား မြန်မာကျပ်ငွေ သန်းထောင်ပေါင်း ၁၃၇၀ ဖြစ်ပါတယ်” ဟု အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းထွက်လုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုဇုန်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍ ၁၂ ခု၌ အဓိကခွင့်ပြု ပေးခဲ့ခြင်းဖြစ်သည်။

အစိုးရသစ်လက်တွင် ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် နိုင်ငံ၏သယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲသောကဏ္ဍများထက် ပြည်တွင်း၌အလုပ်အကိုင်အခွင့်လမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းအမျိုးအစားများကို ဦးစားပေးခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။ ၂၀၃၀ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့် နိုင်ငံဖြစ်လာစေရန် ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းအား အကောင်အထည် ဖော်လျက်ရှိပြီ ဖြစ်ကြောင်း သိရသည်။

Source: https://news-eleven.com/article/182356

## ဒုတိယအကြိမ် ကိုဗစ်ချေးငွေ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဦးစားပေးမည်

. ဒုတိယအကြိမ် ကိုဗစ်ကုစားရေး ထပ်တိုးချေးငွေ ကျပ် ဘီလီယံ ၁၀၀ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများအား ဦးစားပေး ချေးမည်ဟု COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးရဲမင်းဦးက ပြောသည်။

ယခင်က ကိုဗစ်ချေးငွေကို ဦးစားပေးကဏ္ဍအဖြစ် အသေးစားနှင့် အလတ်စား (SME)လုပ်ငန်းများ၊ လက်ခစားလုပ်ငန်း များ (CMP)၊ ဟိုတယ်နှင့်ခရီးသွား စသည့်လုပ်ငန်းများအား ထုတ်ချေးခဲ့ပြီးဖြစ်သည်။ “ဒုတိယအကြိမ် ချေးငွေမှာတော့ ပထမ အသုတ် ထုတ်ချေးပေးခဲ့တဲ့ ကဏ္ဍက လုပ်ငန်းတွေတော့ မပါလာနိုင်တော့ ဘူး။ ဘီလီယံ ၅၀၀ အထိ ထုတ်ချေးဖို့ရှိတဲ့အတိုင်း အသုတ်တိုင်းမှာမတူညီတဲ့ ဦးစားပေး လုပ်ငန်းတွေကို ရွေးချယ် ပြီး ချေးပေးသွားမယ်။ အဲဒါဆိုရင် ဘီလီယံ ၅၀၀ ပြည့်သွား တဲ့အခါ ကဏ္ဍအသီးသီးက လုပ်ငန်းအများစုက ချေးငွေရရှိသွားကြမှာ ဖြစ်ပါတယ်” ဟု ဦးရဲမင်းဦး က ပြောသည်။



COVID-19 & Myanmar Economy Past, Present & Future ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၂ ရက်က မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ပြုလုပ်ခဲ့သော စကားဝိုင်းဆွေးနွေးပွဲတွင် ၎င်းကထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါချေးငွေ စတင် ထုတ်ချေးမည့်ရက်၊ လုပ်ငန်းကဏ္ဍအလိုက် အမျိုးအစားများနှင့် ငွေချေးခြင်းအတွက် စည်းကမ်းသတ်မှတ်ချက်များကို မကြာခင် ရက်ပိုင်းအတွင်း ကြေညာရန်ရှိသည်ဟုဆိုသည်။ ဆက်လက်၍ ဦးရဲမင်းဦးက “စစ်ဆေးတဲ့ ပုဂ္ဂိုလ်တွေကလည်း ပထမအကြိမ်မှာ

အတွေ့အကြုံရှိပြီးသား ဖြစ်တဲ့အတွက် အခုတကြိမ်မှာ မြန်မြန်ဆန်ဆန် စစ်ဆေးလာနိုင်လိမ့်မယ်။ ဒီလိုပဲ လျှောက်ထားတဲ့ ပုဂ္ဂိုလ်တွေကလည်း ဘာတွေလိုအပ်တယ်၊ ဘယ်လိုပုံစံ လျှောက်ထားရမယ်ဆိုတာ သိနေတဲ့အတွက် ဒုတိယအကြိမ် ဘီလီယံ ၁၀၀ က လူတွေလက်ထဲ မြန်မြန်ဆန်ဆန် ရောက်ပါလိမ့်မယ်" ဟု ပြောသည်။ ကိုဗစ်ကြောင့် ထိခိုက်မှုရှိခဲ့သည့် စီးပွားရေး လုပ်ငန်းများအား အစိုးရမှ အပေါင်ပစ္စည်းမလိုဘဲ အတိုးနှုန်း ၁ ရာခိုင်နှုန်း ဖြင့် ၁ နှစ်ကာလ ချေးငွေများကို လုပ်ငန်းကဏ္ဍ အလိုက်ထုတ်ချေးပေးလျက်ရှိရာချေးငွေလျှောက်ထားရာတွင် လိုအပ်သည့်အချက် ၁၀ ချက် သတ်မှတ်ထားကြောင်း သိရ သည်။

အဆိုပါ သတ်မှတ်ချက်များအနက် အဓိကအားဖြင့် ချေးငွေလျှောက်ထားမည့် စီးပွားရေးလုပ်ငန်းသည် COVID-19 ကြောင့် အမှန်တကယ် ထိခိုက်မှု ရှိနေသော နိုင်ငံသားပိုင် စီးပွားရေး လုပ်ငန်းဖြစ်ရပြီး လက်ရှိ လည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်း သို့မဟုတ် ယာယီ ရပ်စဲထားပါကလည်း ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင် လည်ပတ်နိုင်သည့် လုပ်ငန်း ဖြစ်ရန်၊ ချေးငွေ လျှောက်ထားသည့် လုပ်ငန်းသည်၂၀၁၈ မတ်လ မတိုင်မီကတည်းက သက်ဆိုင်ရာ ဌာနမှ ခွင့်ပြုချက်၊ လုပ်ငန်း လိုင်စင် ရထားပြီးသည့် လုပ်ငန်း ဖြစ်ရမည် ဖြစ်သလို လွန်ခဲ့သည့် ၂ နှစ်တာ ကာလအတွင်း နှစ်စဉ် ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရန်၊ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်ပေးဆောင်ထားသည့် လုပ်ငန်းဖြစ်ရမည် ဖြစ်သလိုရရှိလာသည့် ချေးငွေအား ဝန်ထမ်းနှင့် လုပ်သားများ လစာပေးရန်နှင့် လက်ရှိ လုပ်ငန်းလည် ပတ်ရန် ကိစ္စအတွက်သာ အသုံးပြုမည့် လုပ်ငန်း ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

မန္တလေးရှိ အဏ္ဏဝါ ရေထွက်ကုန်လုပ်ငန်းမှ ဦးတိုင်းကျော်က "လျှောက်တော့ လျှောက်ကြည့်ရမှာပေါ့။ ကျနော်တို့ဆို နေ့စဉ် တရုတ်ကို ပို့နေရတဲ့ ပို့ကုန် ပမာဏက များရင် သိန်းရာဂဏန်းလောက် အထိ ရှိတယ်။ ဒါပေမယ့် သူတို့က အလုပ်သမား အရေအတွက်ပေါ် မူတည်ပြီး ကြည့်ပေးတာမျိုးထက် Working Capital ကိုလည်း ကြည့်ပြီး စဉ်းစားပေး စေလိုပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ဆီမှာကျ လခစားလုပ်တဲ့သူထက် နေ့စားပြတ်လုပ်တဲ့ လုပ်သားအရေအတွက်က ပိုများတယ်လေ" ဟု ဧရာဝတီကို ပြောသည်။

ပထမအကြိမ် ကိုဗစ် ချေးငွေ ကျပ် ဘီလီယံ ၁၀၀ အား ဧပြီလမှ ဇွန်လအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ စား သောက်ဆိုင်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အထွေထွေ ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆိုင်ရာ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများနှင့် လက်ခစား စနစ်ဖြင့် ဆောင်ရွက်သည့် အထည်ချုပ် လုပ်ငန်း များ (CMP) စုစုပေါင်း ၃၃၀၀ ကျော်အား ၇ သုတ် ခွဲ၍ ထုတ်ချေးပြီးဖြစ်ကြောင်း COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက် မှုများအပေါ် ကုစားရေး လုပ်ငန်း ကော်မတီက သတင်း ထုတ်ပြန်ထားသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးဗရတ်ဆင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုဝန်ကြီး ဦးတင်လတ်နှင့် ရန်ကုန်တိုင်းစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး/ COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက် မှုများ အပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးရဲမင်းဦးတို့က COVID 19 ကြောင့် မြန်မာ့စီးပွားရေးကဏ္ဍအလိုက်ဆောင်ရွက်နေမှုများ၊ အလားအလာများအား ပြောကြားခဲ့ ကြသည်။ Source: [https://burma.irrawaddy.com/business/2020/07/13/226229.html](https://burma.irrawaddy.com/business/2020/07/13/226229.html)

## ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများ တိုးတက်လာပြီး ပြိုင်ဆိုင်မှု ပြင်းထန်သည့် ရင်းနှီးမြှုပ်နှံမှုပုံစံ ပြောင်းလဲလာ

ကိုဗစ်ကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများတိုးတက်လာပြီး ပြိုင်ဆိုင်မှု ပြင်းထန် သည့် ရင်းနှီးမြှုပ်နှံမှုပုံစံသို့ပြောင်းလဲလာကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီအတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင် က မြန်မာတိုင်းမ်ကိုပြောသည်။ "မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်အလွန်ကာလ မှာ ရင်းနှီးမြှုပ်နှံမှုတွေဆွဲသွင်းဖို့က ရည်မှန်းချက်ပါပဲ။ အဲဒါကြောင့် ထားဝယ်အထူးစီးပွားရေးဇုန်မှာ အရင်တုန်းကလို ဒီလူနဲ့ပဲလုပ်မယ်ဆိုတာမျိုး နိုင်ငံတစ်ခု၊ နှစ်ခုတည်းအပေါ်မှာ မှီခိုနေတာမျိုးထက်စာရင် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဝိုင်းပြီးဆောင်ရွက် နိုင်တဲ့ပုံစံမျိုးကို သွားဖို့ပြင်ဆင်နေ တယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က သီလဝါအထူးစီးပွားရေးဇုန်ထက် ၈ ဆ လောက်ကြီးပြီး ဧက ၅ သောင်းနီးပါးရှိတဲ့ အတွက် တစ်နိုင်ငံတည်း တစ်ဦးတည်းအပေါ်မှာ မှီခိုပြီးလုပ်ဖို့ကတော့ မလွယ်နိုင်ဘူး။ ဒါကြောင့်မို့လို့ မြန်မြန်ဆန်ဆန် လုပ်ကိုင် နိုင်မယ့် ပုံစံမျိုးကိုစဉ်းစားလာတယ်" ဟု ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီ အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်က မြန်မာတိုင်းမ်ကိုပြောသည်။ ကိုဗစ်ကြောင့်လုပ်ငန်းများနှောင့်နှေးခဲ့သော်လည်း ကိုဗစ်ကာလများ၌ တရုတ်၊ ထိုင်း၊ ဂျပန် သံအမတ်ကြီးများနှင့် တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ဖိတ်ခေါ်ခဲ့ကြောင်း၊ လုပ်ငန်းများရပ်တန့်ခြင်းမရှိစေရန် အစီအစဉ်ချမှတ်၍ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၏ ကိုဗစ်အလွန်ကာလ ပြောင်းလဲလာမည့် စီးပွားရေးပုံစံနှင့် ကိုက်ညီစေရန် အထူးစီးပွားရေးဇုန်၏ စီးပွားရေးပုံစံကို လိုက်ပါပြောင်းလဲနိုင်ရန် ကြိုးစားလာကြောင်း ၎င်းက

ပြောသည်။ "အခုဆိုရင်ဝင်လာတဲ့ရင်းနှီးမြှုပ်နှံသူတွေက ကိုဗစ်မတိုင်ခင်တုန်းကဆက်သွယ်ထားတဲ့ ကုမ္ပဏီတွေ ပြန်ဆက်သွယ်လာတဲ့အပြင် ကုမ္ပဏီအသစ်တွေလည်း အများကြီးဝင်လာတယ်။ ကုမ္ပဏီသစ်တွေက အရင်ထက်စိတ်ပါလက်ပါနဲ့ တကယ်လုပ်ချင်တယ်။ တကယ်လည်းလက်တွေ့ကျကျလေ့လာမှုတွေ ခွင့်ပြုပေးစေချင်တဲ့ပုံစံ မျိုးတွေတွေ့ရတယ်။ ပြီးခဲ့တဲ့ ဇွန်လအလယ်လောက်ကနေ ဇူလိုင်လ အလယ်လောက်အထိကို ကုမ္ပဏီ ၉ ခုလောက်ရှိတယ်။ အရင်တုန်းကလို လာဆွေးနွေးပြီးတော့ မေးပြီးပြန်တဲ့ပုံစံမျိုး မဟုတ်ဘူး။ တော်တော်လေးကို လေးလေးနက်နက်ထားပြီး ဆွေးနွေးလာတာတွေ့ရတယ်" ဟု ဒေါက်တာ တင်ထူးနိုင်က ပြောသည်။ ယင်းလုပ်ငန်းများ စတင်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ရန်မှာ လမ်း၊ မီး နှင့် ဆိပ်ကမ်း စသည့် အခြေခံအဆောက်အအုံများ ဟန်ချက်ညီစွာဖွံ့ဖြိုးမှုဖြစ်စေရန် အလေးထားဆောင်ရွက်နေပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စတင်အကောင်အထည်ဖော် ရန်မှာ ကိုဗစ်ရောဂါဖြစ်ပွားမှုလျော့ကျသည့် အခြေအနေပေါ်တွင်မူတည်နေကြောင်း၊ ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးအတွက် လေ့လာရန် ဂျပန် JICA ကလည်း အဆိုပြုထားကြောင်း ထားဝယ်အထူးစီးပွားရေး ဇုန်ကော်မတီထံမှ သိရသည်။

အဆိုပါ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ကနဦးစီမံကိန်းအဖြစ် ၂၀၀၈ ခုနှစ်တွင် အီတာလျံထိုင်း ကုမ္ပဏီအား လုပ်ပိုင်ခွင့်ပေးခဲ့သော်လည်း ဘဏ္ဍာငွေကြေး၊ နည်းပညာ၊ ဈေးကွက်ထိုးဖောက်မှုအားနည်းခြင်း၊ စီမံကိန်းဧရိယာ ကြီးမားခြင်း စသည့်တို့ကြောင့် မအောင်မြင်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်တွင် ကန်ထရိုက်လုပ်ငန်းများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ ထို့နောက်ကြီးမားသည့် ဧရိယာဖြစ်သည့် စကွဲယားကီလိုမီတာ ၂၀၀ ခန့်မှ ၂၇ စကွဲယားကီလိုမီတာအထိ အရွယ်အစား လျှော့ချကာ ပင်မစီမံကိန်းအဖြစ် အီတာလျံထိုင်း ကုမ္ပဏီကိုပင် ထပ်မံလုပ်ပိုင်ခွင့်ပေးခဲ့ကာ ယခုအခါ စီမံကိန်းလုပ်ငန်းကြီး တစ်ခုလုံး အကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဖိတ်ခေါ်ခြင်း ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်မှာ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးပေါ်ပေါက်ခဲ့ပြီး သီလဝါ အထူးစီးပွားရေးဇုန်ထက် ၈ ဆခန့်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ထက် ၁၀ ဆကျော် ကြီးမားသည်။ အရှေ့တောင်အာရှတွင်လည်း အရွယ်အစားအကြီးဆုံး အထူးစီးပွားရေးဇုန်ဖြစ်ပြီး ဧက ၅ သောင်းခန့်၊ စကွဲယား ကီလိုမီတာ ၂၀၀ ခန့်ရှိသည်။

Source: https://myanmar.mmtimes.com/news/141411.html

## ပြည်ပကုန်သွယ်မှုသတင်း

### ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကျန်ရှိနေသည့်ကုမ္ပဏီ ၂၇၂ ခု၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်မှ ၂၀၂၁ ခုနှစ် ဇူလိုင် ၂ ရက်အထိ တစ်နှစ် ယာယီပိတ်သိမ်း

ပြည်ပသို့ ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနက်မှ ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကျန်ရှိနေသည့်ကုမ္ပဏီ ၂၇၂ ခု၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်မှ ၂၀၂၁ ခုနှစ် ဇူလိုင် ၂ ရက်အထိ တစ်နှစ်ယာယီပိတ်သိမ်းကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။ ပြည်ပသို့ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းအသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရမည်ဖြစ်သော်လည်း ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကုမ္ပဏီ ၂၇၂ ခု ကျန်ရှိနေကြောင်း ထုတ်ပြန်လိုက်သည်။

၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၃၈-ခ တွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေ ပြဋ္ဌာန်းချက်များအရ ပြည်ပသို့ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များ သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းအသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန်တာဝန်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်ပသို့ပို့ကုန်တင်ပို့ခဲ့ပြီး လက်ရှိအချိန်အထိ ပို့ကုန်ရငွေအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏သက်ဆိုင်ရာ ဘဏ်စာရင်းတွင် ပြန်လည်ထည့်သွင်းရန် ပျက်ကွက်သော ပို့ကုန်တင်ပို့သည့် ကုမ္ပဏီ ၄၅၃ ခုရှိသည်ကို စိစစ်တွေ့ရှိသဖြင့် အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေညာသည့် ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းကြရန် နှိုးဆော်ခဲ့ပြီး ယင်းကာလအတွင်း ထည့်သွင်းရန် ပျက်ကွက်သည့်ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပို့ကုန်

သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်းအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်စွဲဖြင့် အသိပေးချက် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၉ ရက်မှ ၁၀ ရက်အထိ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်လာသော ကုမ္ပဏီ ကိုးခုစာရင်းနှင့် ကျန်ရှိသော ပို့ကုန်ရငွေအတွက် ငွေပြန်လည်ဝင်ရောက်မည်မဟုတ်ကြောင်း အထောက်အထားများနှင့်အတူတင်ပြထားသည့် ကုမ္ပဏီ တစ်ခု၊ စုစုပေါင်းကုမ္ပဏီ ၁၀ ခုအား ပေးပို့လာသဖြင့် ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကုမ္ပဏီ ၂၇၂ ခု ကျန်ရှိနေကြောင်း သိရသည်။

Source: https://news-eleven.com/article/183350?

## အထူးဆောင်းပါးများ

### စပါးအထွက်တိုးအောင်ဓာတ်မြေဩဇာနှင့်ပေါင်းသတ်ဆေးကိုသာအားကိုးမနေဘဲ စပါးပျိုးစိုက်စနစ်လည်းပြုပြင်သင့်

မြန်မာနိုင်ငံ စပါးစိုက်ပျိုးရေးလုပ်ငန်းများတွင် ၁၉၇၀ ပြည့်လွန်နှစ်များကစပြီး နိုင်ငံခြားသုတေသနဌာနများနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း အသီးသီးကတစ်ဆင့်ရယူခဲ့သည့် အထွက်တိုးအထွက်နှုန်းမြင့်မားသော စပါးမျိုးများ (H.Y.V) ဟု လွယ်လွယ်ခေါ်သော High Yielding Varieties များကို စိုက်လာကြသည်။ ထိုသို့ မျိုးများကို စိုက်ပျိုးရေးဌာနက စတင်ရယူပြီး စမ်းသပ်မှုများကို အစိုးရစခန်းများမှာရော၊ လယ်သမားများ၏ လယ်ကွင်းများမှာပါ စိုက်ပျိုးခဲ့ရာ လူ (တာဝန်ယူစိုက်သည့် အစိုးရဝန်ထမ်းရော၊ လယ်သမား) များကိုပါ စိတ်ကြိုက်ရွေးကာ အိတ်ပိတ်နည်းပညာ (Packaged Technology) ကိုချပြီး ဘယ်လိုမြေပြင်၊ ဘယ်လိုပျိုးထောင်၊ ဘယ်လောက်ပျိုးသက်မှာ ဘယ်နှပင်စီ၊ ဘယ်လောက်အကွာအဝေးမှာ တစ်ကေတွင် ကောက်ကွက်ဘယ်လောက်ဝင်အောင် စိုက်ရမည်တို့ကို ညွှန်ကြားကြီးကြပ်စေခဲ့ပြီး အထွက်နှုန်းရည်မှန်းချက်နှင့် အနီးစပ်ဆုံးရအောင် ဆောင်ရွက်ခဲ့ရာ ပထမဦးစွာ ရာကျော်စပါးပေါ်လာသည်။

ထိုစပါးသည် ဖိလစ်ပိုင်နိုင်ငံရှိအပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနကမျိုးစပ်ယူခဲ့သော မျိုးအမှတ်အတိုကောက် (IR-5)ဖြစ်သည်။ နောင်သုံးနှစ်လောက်အကြာမှာ နောက်ထပ်မျိုးစပါးတစ်မျိုးရယူ စမ်းသပ်စိုက်ပျိုးရာတွင်လည်း မူလစပါးကို ရာကျော် (၁)၊ ဒုတိယစပါးကိုတော့ ရာကျော်(၂) လို့အမည်ပေးခဲ့သည်။ ရာကျော်(၂) သည် ရာကျော်(၁) ထက်ပင် အရပ်နည်းနည်းပိုမြင့်သည်။ ဆန်ကလည်း ရာကျော် (၁) လောက် မကြမ်းရာ မြေလတ်ဒေသလယ်သမား (ဆည်ရေသောက်လယ်သမား) များကို ပို၍ကြိုက်သယောင်ရှိသည်။ နောက်ထပ်ရသမျှ ပြည်ပအတွက် မျိုးကောင်းမှန်သမျှ အိတ်ပိတ်နည်းပညာစနစ်ကိုသာ လိုက်နာ ညွှန်ကြားခဲ့ရာ သာမန်လယ်သမားတို့ လိုက်နာရန်ခက်ခဲပါသည်။ အထူးသဖြင့် ပျိုးသက်နုနု၊ ကောက်ကွက်စိပ်စိပ်၊ ဓာတ်မြေဩဇာ နှုန်းထားမြင့်မြင့် ထည့်သွင်းချိန်တိတိကျကျများကို လိုက်နာရန်ခက်ခဲတတ်သည်။

အထက်ပါဖော်ပြခဲ့သည့် စပါးစိုက်စနစ်ရော၊ မျိုးပါပြောင်းလဲလာရာ အထူးသဖြင့် ပျိုးသက်နှုန်း ၂၅ ရက် သားထက် မကြီးသော ပျိုးသက်တစ်ကေလျှင်ကောက်ကွက် တစ်သိန်းသုံးသောင်းမှ တစ်သိန်းခြောက်သောင်းအထိ စိုက်စေခဲ့ရာ လယ်တစ်ကေကောက်ကွက်မှန်ကို ကြိုးတန်းပြီးစိုက်ကြရသဖြင့် ကောက်စိုက်သမ ၁၂ ယောက်၊ ၁၄ ယောက်ခန့်သုံးသည်။ ၁၉၈၀ ပြည့်နှစ်လောက်တွင် ရေတော်မိုးတော်ဟုခေါ်သော လယ်မြေအားလုံးနှင့် ဆည်ရေသောက်ဒေသများတွင် နိုင်ငံခြား (H.Y.V ) မျိုးချည်းဖြစ်ကုန်သည်။ ပြည်တွင်းမျိုးများဖြစ်သော လင်းတာတုံ့ပြန် ရာသီစပါးများဖြစ်သည့် ငွေတိုး၊ အင်းမရဲဘော၊ ရဲဘောစိန်၊ မြီးကောက်၊ နံ့ကောက်၊ ငစိန်၊ ဆစ်ပွား စသည့် မြန်မာနိုင်ငံအောက်ပိုင်း စပါးများသည် တဖြည်းဖြည်း ဧရိယာလျော့နည်းလာပါသည်။ အညာဒေသ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီး ဆည်ရေသောက်နှင့် မိုးကောင်းသောက်ဒေသတွင် ရွှေအပ်၊ ဘုမ္မိဒေဝ၊ တောင်ထိပ်ပန်း၊ လင်ပန်းချော၊ ရွှေဘိုခွံနီတို့ပျောက်သွားခဲ့သည်။

မိုးစပါးစိုက်ပျိုးပြီးသော လယ်ကွက်များတွင် စပါးရိုးငုတ် (ရိုးခြေ)သည် လေးလက်မ-ခြောက်လက်မ လောက်သာကျန်တော့သည်။ မိုးနှောင်းနှင့် ဆောင်းသီးနှံ ကုလားပဲ၊ မတ်ပဲ စသည့် မစိုက်သောလယ်ကွက်များ ပြောင်တလင်းဖြစ်သွားသည်။ စပါးခင်းမှာ မူလရိတ်သိမ်းပြီး အောက်ခံရိုးငုတ်သည် တစ်ပေခွဲမှ နှစ်ပေခန့် ကျန်နေမှ မြေမှာအဖုံးအကာရပါမည်။ သဘာဝပေါက်သော အပင်များဖြစ်စေ နောက်တစ်နည်း စိုက်ပျိုးထွန်ယက်မည့် ကုလားပဲ၊ မတ်ပဲ၊ ပဲလွမ်းတို့အတွက် အစိုဓာတ်ထိန်းပေးသည့် အကာအကွယ်ရမှာဖြစ်သည်။ စာရေးသူသည် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနနှင့် မြန်မာ့ စိုက်ပျိုးရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် " သီးထပ်သီးနှံပုံစံ" သုတေသနစီမံကိန်းတွင် မြန်မာ့စိုက်ပျိုးရေးဌာန တာဝန်ခံအဖြစ်တာဝန်ယူရသည်။ ထိုဌာနအစီအစဉ်ဖြင့် စပါးရိတ်စက်ငယ်တစ်မျိုးဖြစ်သည့် ရိတ်လှဲစီချစက် (Hanvesten winower )ဖြင့်

ကြို့ပင်ကောက်မြို့နယ်မှာ စမ်းသပ်ပြရာ စပါးရိတ်ငုတ်က ခြောက်လက်မလောက်ကျန်ရာ ပဲစိုက်မည့် လယ်သမားများ မကြိုက်ကြပါ။ ၎င်းတို့က တစ်ပေ၊ တစ်ပေခွဲ လောက်ကျန်မှ ကုလားပဲပင်ငယ်ငယ်မှာ အရိပ်ရသည်။ မြေအစိုဓာတ်ကို ပြန်လည်ထိန်းထားသည်ဟု ဆိုသည်။

ထို့ပြင် ထိုစပါးရိုးငုတ်သည် အစိုဓာတ်ထိန်းရုံမျှမက နောင်ကျိုးကြေဆွေးမြည့်သွားသည့်အခါ မိုးစပါးအတွက် သဘာဝမြေဆွေးဖြစ်သွားသည့်အတွက်အဖိုးတန်ကြောင်း လယ်သမားများသိထားကြသည်။ ကိုဗစ်-၁၉ ရောဂါကြောင့်အဆက်အသွယ်ပြတ်နေသည့် ပျဉ်းမနားတောင်ဘက်က လယ်သမားတစ်ယောက်အိမ် ရောက်ဖြစ်ပါသည်။ သူကလယ်သမားဆိုတော့ လယ်စိုက်ပြီးပြီလားမေးတော့ စိုက်ပြီးကြောင်း၊ ဘာမျိုးတွေလဲ၊ ယခင်စိုက်နေကျ မနောသုခပဲလားလို့ ထပ်မေးတော့ “ မဟုတ်တော့ဘူး၊ စိုက်မယ့်နှစ်မတိုင်မီကပဲ နောက်ထပ်မျိုးသစ် တစ်မျိုး ဧရာပဒေသာကို ကျွန်တော်ထည့်ထားတယ်” ဟု ပြောသည်။ တူတော်မောင်ကတော့ သူတို့ရွာမှာ ပွင့်ဖြူဘက်က အဆက်အသွယ်တစ်ယောက်ထံမှ တစ်ဆင့်ရကြောင်း၊ ရောမင်းမျိုးထဲကလို့ သိရကြောင်းဆိုသည်။ လယ်သမားများသည် သူတို့ကြိုက်သော စပါးပင်၊ စပါးနှံအချို့ကို လယ်ကွက်ထဲကရယူပြီး စိတ်ရှည်ရှည်ပွားယူကာ သူတို့ကြိုက်ရာအမည်ပေးလေ့ရှိပါသည်။

တူတော်မောင်ပြောထားသလို ယခုသူစိုက်သည့် ဧရာပဒေသာစပါးပင်သည် အရပ်အတော်အတန့်မြင့်ကြောင်း၊ စပါးရိတ်ပြီး ရိုးငုတ်က ဒူးလောက်၊ ပေါင်လယ်လောက်ကျန်ကြောင်း၊ သူကထိုစပါးရိုးပြတ်ကို ခုတ်ထွင်ရှင်းလင်းမပစ်၊ မီးမရှို့ပစ်ဘဲ မိုးဦးမှာ သူ့အလိုလို မြေဩဝပ်သွားသည့် အတိုင်းထားပြီး ထယ်ရေးသစ် လုပ်ကာစပါးမျိုးစေ့ကို အခြောက်ထပ်ရေးပြင်ပြီး အခြောက်ကြဲခြင်း၊ ဓာတ်မြေဩဇာကို ချွေတာသည့်အနေဖြင့် သုံးတာမှတစ်အိတ်ခွဲခန့်သာ ထည့်သည်ဆိုသည်။ ပေါင်းသတ်ဆေးလည်း လျှော့သုံးသည်ဆိုသည်။ စပါးမျိုးကိုတော့ ခပ်ထူထူ နှစ်တင်းခွဲနှုန်းခန့်ကြဲသည်ဟုဆိုသည်။ သူ့အပြောကတော့ ဒီစပါး (ဧရာပဒေသာ)က စပါးပင် အရပ်မြင့်ပြီး စပါးရင့်မှည့်တော့မိုးနှောင်းပိုင်းမှာ ဖွဲလှည့်ပြီး လဲတတ်သည့်အတွက် စပါးရိတ်ခြွေစက်ငှားခမှာ မနောသုခထက် ကျပ် ၅၀၀၀-၁၀၀၀၀ ပိုပေးရသည်ဟု ဆိုသည်။ မနောသုခတစ်ကေလျှင် ကျပ် ၂၀၀၀၀ ဆိုလျှင် ဧရာပဒေသာကို ကျပ် ၂၅၀၀၀ မှ ကျပ် ၃၀၀၀၀ တောင်းတတ်သည်။ သူ့လယ်က စပါး ၈၅ တင်း၊ တင်း ၉၀ ထွက်သည်ဟုဆိုသည်။ ထို့ပြင် မနောသုခက တင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀ ဆိုလျှင် ဧရာပဒေသာက ကျပ် ၆၅၀၀၀၀ မှ ကျပ် ၇၀၀၀၀၀ ဈေးအထိ ရောင်းရသည်ဟု ဆိုသည်။

မြန်မာမျိုးစစ်စစ် စပါးမျိုးကိုလည်း ပျိုးနောက်ကျထောင်ပြီး အသက်ကြီးကြီးနှင့် ကောက်ကွက်စိပ်စိပ် စိုက်လျှင် အင်းမရဲဘော်၊ ရွှေဒင်္ဂါး၊ ရဲဘောစိန်တို့ပင် တင်း ၈၀-၉၀ နီးပါးထွက်နေကြပါပြီ။ ထိုသို့ စပါးမျိုးများကို လက်ကြီး (ပျိုးပင်များများပါအောင်) ကောက်ကွက်စိပ်စိပ်စိုက်လျှင် ကောက်ပင်ပါသလောက် အနှံကြီးကြီး ရှည်ရှည်ထွက်လေ့ရှိသော Panicle type များဖြစ်သည်။ ဧရာပဒေသာမျိုးသည်လည်း သူတို့ပြောသည့် မူလ ရောမင်း (မချမ်းဒေါ်-Machando) မှ ရွေးခဲ့တာမှန်လျှင် ကောက်လတ်မျိုးဖြစ်တန်ရာသည်။ ပင်ရပ်မြင့်၍ စပါးနှံပြည့်ပြည့်ဖြိုးဖြိုးဖြစ်ပုံရသည်။ သို့ဖြစ်၍ ဆောင်းဦးကာလမှာ ဖွဲလှည့်၍ လဲပုံရသည်။

ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများသည် ပေါင်းပင်ပေါင်းစေ့ကိုသာမက မြေဆီလွှာမှာရှိသော မြေဩဇာသစ်ဆွေးဓာတ်တို့ကို အထောက်အကူပြုသော တီကောင်၊ ဘက်တီးရီးယား၊ ခြ၊ ပုရွက်ဆိတ်တို့ကိုသေစေသဖြင့် မြေဆီလွှာကို ဆုတ်ယုတ်စေတတ်သည်။

ဥပမာ-ပင်နီဆလင်နှင့် ရိုက်ဇိုတိုးနီးယားတို့သေစေသော မှိုသတ်ဆေးသည် ဖြူစေးရီးယမ်းကို တိုးပွား စေသလို စပါးရွက်ပြောက်ရောဂါ ဖြစ်စေတတ်သော ဟယ်လ်မင်သိုစပိုးရီးယမ်းမှိုကို ပိုမိုပွားစေသည် ဟုဆိုသည်။ လက်ရှိမြေဩဇာနှင့် စိုက်ပျိုးရေးဆေးရောင်းချသူ အများစုကလည်း ဤမျှမြင့်မားသော နည်းပညာရပ်များနှင့် အလှမ်းကွာနေသေးရာ သဘာဝ (အော်ဂဲနစ်) စနစ်သည်သာ စိတ်အချရဆုံးဖြစ်သလို ဘေးကင်းစေပါသည်။ ကောက်ရိုး(ရိုးငုတ်၊ ရိုးခြေ)သည် လူများထည့်ပေးလို့ဖြစ်သော သဘာဝမြေဩဇာရရှိ၍ဖြစ်စေ၊ စပါးစေ့နှင့် ကောက်ရိုးတွင် စုပေးသော အာဟာရဓာတ်များမှ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ မဂ္ဂနီးစ်နှင့် ဆီလီကွန်တို့သည် စပါးစေ့ စပါးနှံများထက် ကောက်ရိုးမှာ ပိုပါဝင်ပုံကို ဂျပန်သုတေသီများ စမ်းသပ်အတည်ပြုခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကောက်ရိုးကို အထင်မသေးပါနှင့်လို့ သတိပေးလိုက်ပါရစေ။ ဆောင်းပါးရှင်-သုတကျော်

Source: https://www.thefarmermedia.com/news/15370

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၀၊ ဇူလိုင်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 71,664,419.674 | 457.174 | | 1 | ရေနံထွက်ပစ္စည်းများ | 153.641 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 21,700,297.876 | 185.244 | | 2 | ချည်ထည်များ | 77.297 |
| 3 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 32,237.310 | 111.925 | | 3 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 65.554 |
| 4 | (က)မတ်ပဲ | မတန် | 32,971.976 | 25.030 | | 4 | စက်နှင့်စက်ပစ္စည်းများ | 53.486 |
| 5 | ဆန် | မတန် | 62,557.430 | 24.752 | | 5 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 51.127 |
| 6 | ငါး | မတန် | 13,162.992 | 17.726 | | 6 | တယ်လီဖုန်းနှင့်ဆက်သွယ်ရေးပစ္စည်းကိရိယာများ | 50.964 |
| 7 | ဆန်ကွဲ | မတန် | 66,842.200 | 19.347 | | 7 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 49.686 |
| 8 | ရာဘာစိမ်း | မတန် | 14,615.880 | 16.053 | | 8 | ဆေးဝါးပစ္စည်းများ | 49.230 |
| 9 | ပြောင်း | မတန် | 101,541.000 | 16.143 | | 9 | သံနှင့်သံမဏိပစ္စည်းများ | 44.846 |
| 10 | နှမ်း | မတန် | 15,684.880 | 21.335 | | 10 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 41.069 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၇-၇-၂၀၁၉) ထိ | ၂၀၁၉-၂၀၂၀ (၁၇-၇-၂၀၂၀) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၇-၇-၂၀၁၉) | ၂၀၁၉ -၂၀၂၀ (၁၇-၇-၂၀၂၀) | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 2706.800 | 3210.190 | 503.390 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 4522.094 | 5964.836 | 1442.742 |
| ၂ | တိရိစ္ဆာန်ထွက် | 319.056 | 64.728 | -254.328 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 5406.061 | 5251.897 | -154.164 |
| ၃ | ရေထွက် | 624.850 | 733.825 | 108.975 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 1252.502 | 1436.492 | 183.990 | | ၃ | လူသုံးကုန်ပစ္စည်း | 2617.885 | 2750.747 | 132.862 |
| ၅ | သစ်တောထွက် | 137.341 | 120.117 | -17.224 | | ၄ | CMP | 1882.735 | 1769.618 | -113.117 |
| ၆ | စက်မှုကုန်ချော | 7732.632 | 7620.361 | -112.271 | | | | | | |
| ၇ | အခြား | 671.630 | 849.081 | 177.451 | | | | | | |
| | **စုစုပေါင်း** | **13444.811** | **14034.794** | **589.983** | | | **စုစုပေါင်း** | **14428.775** | **15737.098** | **1308.323** |

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၀၊ ဇူလိုင်လအတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်ဈေးနှုန်း

| မြို့နယ် | ဆန်(နွေ)ရှယ် ၅ % | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း(သစ်) | ဧည့်မထဆန် ၂၅ % |
|---|---|---|---|---|
| ဖျာပုံ | 23500-24000 | 35000-37000 | | - |
| မြောင်းမြ | 23500-24000 | 36000-40000 | | - |
| ဒေးဒရဲ | 23000-23500 | 35000-37000 | | - |
| ဝါးခယ်မ | 23000-23500 | 35000-36000 | | - |
| ဘိုကလေး | 22500-23000 | 34000-36000 | | - |
| မော်ကျွန်း | 23000-23500 | 34000-36000 | | - |
| လပွတ္တာ | - | 34000-36000 | | - |
| ကျိုက်လတ် | 23000-23500 | 35000-37000 | | - |
| ဘုရင့်နောင်(မိုးသစ်) | 21800-22500 | | 47000-51000 | 20000-20500 |

**Source: MRF**

## ၂၀၂၀၊ ဇူလိုင်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်) (ဧရာဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ဧည့်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 2 | 2.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 3 | 3.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 4 | 6.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 5 | 7.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 6 | 8.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 7 | 9.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 8 | 10.7.2020 | 36000 | 35000 | 34000 | 24500 | 24300 | 24000 | 21000 | 20000 | 19500 | 21000 | 20000 | 19500 |
| 9 | 13.7.2020 | 36000 | 35000 | 34000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 10 | 14.7.2020 | 36000 | 35000 | 34000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 11 | 15.7.2020 | 36000 | 35000 | 34000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 12 | 16.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 13 | 17.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 14 | 21.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 15 | 22.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 16 | 23.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 17 | 24.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 18 | 27.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 19 | 28.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 20 | 29.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |
| 21 | 30.7.2020 | 36000 | 34000 | 33000 | 23200 | 22700 | 22500 | 21000 | 20000 | 19500 | 21000 | 20000 | 19000 |

**Source:** ဝါးတန်းကုန်စည်ဒိုင်

## ၂၀၂၀၊ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ / RC | | ပဲစင်းငုံ RC | | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၈ | ၂၀၁၉ | ၂၀၁၇ | ၂၀၂၀ | | | | |
| 1 | 1.7.2020 | | | | | 1120800–1145200 | 1243200–1255400 | 796100–808400 | 584800–661400 |
| 2 | 2.7.2020 | | 980000 | | | 1120800–1145200 | 1243200–1255400 | 796100–808400 | 584800–661400 |
| 3 | 3.7.2020 | | 1005000 | | | 1120800–1145200 | 1243200–1255400 | 796100–808400 | 584800–661400 |
| 4 | 6.7.2020 | | | | | | | | 584800–661400 |
| 5 | 7.7.2020 | | 980000 | | | 1120700–1175800 | | | 584800–661400 |
| 6 | 8.7.2020 | | | | | 1120700–1145200 | | | 584800–661400 |
| 7 | 9.7.2020 | | | | 812000 | 1120700–1145200 | | | 584800–661400 |
| 8 | 10.7.2020 | | | | | 1120700–1145200 | | | 584800–661400 |
| 9 | 13.7.2020 | | | | | 1120700–1163500 | | | 584800–661400 |
| 10 | 14.7.2020 | | 931000 | | | 1120700–1163500 | | | 584800–661400 |
| 11 | 15.7.2020 | | 945000 | | | 1120700–1163500 | | | 584800–661400 |
| 12 | 16.7.2020 | | | | 802000 | 1120700–1163500 | | | 584800–661400 |
| 13 | 17.7.2020 | | | | | 1120700–1163500 | | | 584800–661400 |
| 14 | 21.7.2020 | | 980000 | | 825000 | 1136000–1175800 | | | 584800–661400 |
| 15 | 22.7.2020 | | 970500 | | 830000 | 1136000–1175800 | | | 584800–661400 |
| 16 | 23.7.2020 | | | | 826000 | 1142100–1175800 | | 814500–826700 | 584800–661400 |
| 17 | 24.7.2020 | | 950000 | | | 1142100–1175800 | | 814500–826700 | 584800–661400 |
| 18 | 27.7.2020 | | | | | 1142100–1175800 | | 814500–826700 | 606300–652200 |
| 19 | 28.7.2020 | | | | | 1142100–1175800 | | 814500–826700 | 606300–652200 |
| 20 | 29.7.2020 | | | | | 1142100–1175800 | | 783900–808400 | 606300–652200 |
| 21 | 30.7.2020 | | | | | 1142100–1175800 | 1286000–1328900 | 783900–808400 | 606300–652200 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၀၊ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.7.2020 | 918600–1041100 | | 514500–869600 | 569500–633800 | 342900–358200 |
| 2 | 2.7.2020 | 918600–1041100 | | 514500–869600 | 569500–633800 | 342900–352100 |
| 3 | 3.7.2020 | 918600–1041100 | | 514500–869600 | 569500–633800 | 342900–352100 |
| 4 | 6.7.2020 | | | 814500–857300 | 569500–633800 | 342900–352100 |
| 5 | 7.7.2020 | | | 814500–857300 | 569500–633800 | 342900–352100 |
| 6 | 8.7.2020 | | | 814500–857300 | 569500–633800 | 342900–352100 |
| 7 | 9.7.2020 | | | 826700–857300 | 569500–633800 | 342900–352100 |
| 8 | 10.7.2020 | | | 826700–857300 | 569500–633800 | 342900–352100 |
| 9 | 13.7.2020 | | | 857300–918600 | 569500–633800 | 342900–352100 |
| 10 | 14.7.2020 | | 1071700–1123700 | 857300–918600 | 569500–633800 | 342900–352100 |
| 11 | 15.7.2020 | | 1071700–1123700 | 857300–918600 | 569500–633800 | 342900–352100 |
| 12 | 16.7.2020 | | 1071700–1123700 | 857300–918600 | 569500–633800 | 327600–346000 |
| 13 | 17.7.2020 | | 1071700–1123700 | 897200–918600 | 569500–633800 | 327600–346000 |
| 14 | 21.7.2020 | | 1120700–1175800 | 897200–1001300 | 569500–633800 | 327600–342900 |
| 15 | 22.7.2020 | | 1120700–1175800 | 897200–1001300 | 569500–633800 | 327600–342900 |
| 16 | 23.7.2020 | | 1120700–1175800 | 897200–1001300 | 569500–633800 | 327600–342900 |
| 17 | 24.7.2020 | | 1120700–1175800 | 897200–1001300 | 569500–633800 | 327600–342900 |
| 18 | 27.7.2020 | | 1120700–1175800 | 918600–949200 | 569500–633800 | 327600–342900 |
| 19 | 28.7.2020 | | 1120700–1175800 | 918600–949200 | 569500–633800 | 327600–342900 |
| 20 | 29.7.2020 | | 1120700–1175800 | 918600–949200 | 569500–633800 | 327600–342900 |
| 21 | 30.7.2020 | | 1120700–1175800 | 918600–949200 | 569500–633800 | 327600–342900 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၀၊ ဇူလိုင်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.7.2020 | 1175-1225 | 1125-1175 | 1075-1125 | 1015-1075 | 975-1025 |
| 2 | 13.7.2020 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 | 975-1025 |
| 3 | 21.7.2020 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |
| 4 | 27.7.2020 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |

Source: mrppa





## ၂၀၂၀ ဇူလိုင်လ၏ နေ့စဉ် စက်သုံးဆီ ၁ လီတာဈေးနှုန်း(လီတာ/ကျပ်)

| No | Date | Yangon | | Mandalay | |
|---|---|---|---|---|---|
| | | အောက်တိန်း | ဒီဇယ်ဆီ | အောက်တိန်း | ဒီဇယ်ဆီ |
| 1 | 1.7.2020 | 431 | 480 | 453 | 493 |
| 2 | 2.7.2020 | 444 | 484 | 476 | 498 |
| 3 | 3.7.2020 | 444 | 484 | 467 | 498 |
| 4 | 6.7.2020 | 444 | 484 | 467 | 498 |
| 5 | 7.7.2020 | 431 | 476 | 453 | 493 |
| 6 | 8.7.2020 | 427 | 476 | 444 | 484 |
| 7 | 9.7.2020 | 431 | 476 | 453 | 484 |
| 8 | 10.7.2020 | 422 | 467 | 444 | 480 |
| 9 | 13.7.2020 | 436 | 467 | 453 | 480 |
| 10 | 14.7.2020 | 422 | 467 | 444 | 476 |
| 11 | 15.7.2020 | 422 | 467 | 444 | 476 |
| 12 | 16.7.2020 | 422 | 467 | 444 | 476 |
| 13 | 17.7.2020 | 413 | 467 | 444 | 476 |
| 14 | 21.7.2020 | 427 | 476 | 462 | 489 |
| 15 | 22.7.2020 | 453 | 502 | 476 | 511 |
| 16 | 23.7.2020 | 453 | 502 | 476 | 511 |
| 17 | 24.7.2020 | 462 | 502 | 480 | 511 |
| 18 | 27.7.2020 | 453 | 498 | 476 | 507 |
| 19 | 28.7.2020 | 453 | 498 | 476 | 507 |
| 20 | 29.7.2020 | 453 | 498 | 476 | 507 |
| 21 | 30.7.2020 | 444 | 489 | 476 | 498 |

Source: e trade Myanmar

# ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

## ၂၀၂၀ ဇူလိုင်လအတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 1.7.2020 to 7.7.2020 | 8.7.2020 to 14.7.2020 | 15.7.2020 to 21.7.2020 | 22.7.2020 to 28.7.2020 |
|---|---|---|---|---|
| Emata 5 % | 400.420 | 400.420 | 400.420 | 400.420 |
| Emata 10 % | 390-400 | 390-400 | 390-400 | 390-400 |
| Emata 15% | 385-390 | 385-390 | 385-390 | 385-390 |
| Emata 25 % | 360-375 | 360-375 | 360-375 | 360-375 |
| Emata 35 % | 350-360 | 350-360 | 350-360 | 350-360 |
| Ngasein 5% | 410-420 | 410-420 | 410-420 | 410-420 |
| Ngasein 15% | 400-410 | 400-410 | 400-410 | 400-410 |
| Ngasein 20% | 380-390 | 380-390 | 380-390 | 380-390 |
| Ngasein 25% | 365-380 | 365-380 | 365-380 | 365-380 |
| A 1-2 | 330-335 | 330-335 | 330-335 | 330-335 |
| B 1-2 | 300-310 | 300-310 | 300-310 | 300-310 |
| B 2-3-4 | 275-280 | 275-280 | 275-280 | 275-280 |
| B 1&Extra | 285-295 | 285-295 | 285-295 | 285-295 |
| Glutinous 5 % | 570-600 | 570-600 | 570-600 | 570-600 |
| Glutinous 25 % | 480-500 | 480-500 | 480-500 | 480-500 |
| Parboiled Rice 5% | 460-465 | 460-465 | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 | 435-440 | 435-440 |

**Source: MRF**

# ၂၀၂၀ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 1.7.2020 to 10.7.2020 | 13.7.2020 to 17.7.2020 | 21.7.2020 to 24.7.2020 | 27.7.2020 to 30.7.2020 |
|---|---|---|---|---|---|
| မတ်ပဲ(2018 crop) | FAQ | 715-735 | 695-715 | 700-720 | 700-720 |
| | SQ | 810-830 | 795-815 | 805-825 | 805-825 |
| | အခွံချွတ် အလုံး/ အခြမ်း | 1025-1050 | 995-1025 | 1000-1030 | 1000-1030 |
| | အခွံပါ အခြမ်း | 895-920 | 870-895 | 875-900 | 875-900 |
| မတ်ပဲ (2017 crop) | FAQ | 705-725 | 685-705 | 690-710 | 690-710 |
| | SQ | 800-820 | 785-805 | 795-815 | 795-815 |
| | အခွံချွတ် အလုံး/ အခြမ်း | 1010-1040 | 980-1010 | 990-1015 | 990-1015 |
| | အခွံပါ အခြမ်း | 885-910 | 860-885 | 865-890 | 865-890 |
| ပဲတီစိမ်း | FAQ (အညာ) | 825-850 | 825-850 | 825-850 | 825-850 |
| | FAQ (ပခုက္ကူ) | 800-830 | 800-830 | 800-830 | 800-830 |
| | ရွှေဝါအသေး (Under 3.5 mm) | 850-875 | 850-875 | 850-875 | 850-875 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950-980 | 950-980 | 950-980 | 950-980 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 925-950 | 925-950 | 925-950 | 925-950 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | 940-1020 | 940-1020 | 940-1020 | 940-1020 |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 1050-1075 | 1050-1075 | 1050-1075 | 1050-1075 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1020-1050 | 1020-1050 | 1020-1050 | 1020-1050 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | 1025-1050 | 1025-1050 | 1025-1050 | 1025-1050 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 610-630 | 600-620 | 610-630 | 605-625 |
| | ဖြူနီ (FAQ) | 620-640 | 610-630 | 620-640 | 615-635 |
| | အဖြူ (FAQ) | 620-640 | 610-630 | 620-640 | 615-635 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 590-610 | 580-600 | 590-610 | 585-605 |
| | ဖြူနီ (FAQ) | 600-620 | 590-610 | 600-620 | 595-615 |
| | အဖြူ (FAQ) | 600-620 | 590-610 | 600-620 | 595-615 |
| ကုလားပဲဖြူလုံးကြီး | FAQ | 600-630 | 600-630 | 600-630 | 600-630 |
| | အခွံချွတ်အခြမ်း | 800-840 | 800-840 | 800-840 | 800-840 |
| ပဲလွန်းဖြူ | FAQ | 625-650 | 650-700 | 650-700 | 650-700 |
| | SQ (12.5 ဧကာ) | 750-775 | 750-800 | 750-800 | 750-800 |
| ပဲလွန်းနီ | FAQ | 650-675 | | | |
| မြေထောက်ပဲ | FAQ | 850-900 | 875-925 | 875-925 | 875-925 |
| | အခွံချွတ်အခြမ်း | 1050-1100 | 1050-1100 | 1050-1100 | 1050-1100 |
| | အခွံပါအခြမ်း | 1020-1030 | 1020-1030 | 1020-1030 | 1020-1030 |
| ပဲထောပတ် | FAQ | 525-560 | 525-560 | 525-560 | 525-560 |
| | အခွံချွတ်အခြမ်း | 550-600 | 550-600 | 550-600 | 550-600 |
| | အခွံပါအခြမ်း | 600-625 | 600-625 | 600-625 | 600-625 |
| ပြောင်း | | 240-260 | 240-260 | 240-260 | 240-260 |
| နှမ်းဖြူ | | 1150-1200 | 1200-1250 | 1200-1250 | 1225-1275 |
| နှမ်းနက် (စမုံ) | | 1800-2000 | 1900-2100 | 1900-2100 | 1925-2125 |
| နှမ်းမှုန် | | 1500-1550 | 1500-1600 | 1500-1600 | 1525-1625 |
| နှမ်းညို | | 1150-1200 | 1150-1200 | 1150-1200 | 1175-1225 |
| နှမ်းနက်(ရိုးရိုး) | | 1500-1600 | 1500-1600 | 1500-1600 | 1525-1625 |
| ပဲကြီး | | 700-750 | 700-750 | 700-750 | 700-750 |
| ပဲယင်း | | 520-550 | 520-550 | 520-550 | 520-550 |
| ဘိုကိတ် | | 380-410 | 380-410 | 380-410 | 380-410 |
| နံနံစေ့ | | 550-600 | 550-600 | 550-600 | 550-600 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# နိုင်ငံတကာ ဈေးနှုန်းများ (FOB)

## ၂၀၂၀ ဇူလိုင်လ အတွင်း အိန္ဒိယနိုင်ငံ ပဲဈေးနှုန်း

| No | Date | မတ်ပဲ Mumbai | ပဲစင်းငုံ Mumbai |
|---|---|---|---|
| 1 | 1.7.2020 | 801 | 715 |
| 2 | 2.7.2020 | 794 | 715 |
| 3 | 3.7.2020 | 814 | 720 |
| 4 | 6.7.2020 | 822 | 718 |
| 5 | 7.7.2020 | 802 | 715 |
| 6 | 8.7.2020 | 804 | 714 |
| 7 | 9.7.2020 | 794 | 727 |
| 8 | 10.7.2020 | 798 | 711 |
| 9 | 13.7.2020 | 793 | 713 |
| 10 | 14.7.2020 | 782 | 709 |
| 11 | 15.7.2020 | 784 | 711 |
| 12 | 16.7.2020 | 791 | 704 |
| 13 | 17.7.2020 | 785 | 705.3 |
| 14 | 21.7.2020 | 802 | 735 |
| 15 | 22.7.2020 | 803 | 736 |
| 16 | 23.7.2020 | 810 | 736 |
| 17 | 24.7.2020 | 801 | 734 |
| 18 | 27.7.2020 | 796 | 736 |
| 19 | 28.7.2020 | 795 | 729 |
| 20 | 29.7.2020 | 796 | 729 |
| 21 | 30.7.2020 | 795 | 721 |

Source: e trade Myanmar

## ၂၀၂၀ ဇူလိုင်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil | Bernt Curde Oil | RBoB Gasoline | Narural Gas | Heading Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (Usd/ gal) | USD/ MMBtu) | (Usd/ gal) |
| 1 | 1.7.2020 | 39.63 | 41.15 | 120.01 | 1.70 | 117.81 |
| 2 | 2.7.2020 | 39.91 | 42.13 | 122.01 | 1.70 | 120.37 |
| 3 | 3.7.2020 | 40.32 | 42.80 | 124.81 | 1.72 | 122.8 |
| 4 | 6.7.2020 | 40.35 | 42.91 | 125.67 | 1.77 | 123.36 |
| 5 | 7.7.2020 | 40.46 | 42.9 | 123.86 | 1.86 | 124.28 |
| 6 | 8.7.2020 | 40.59 | 43.06 | 127.79 | 1.88 | 124.25 |
| 7 | 9.7.2020 | 40.80 | 43.23 | 128.15 | 1.83 | 123.27 |
| 8 | 10.7.2020 | 39.27 | 42.07 | 124.38 | 1.76 | 121.73 |
| 9 | 13.7.2020 | 40.20 | 42.91 | 126.64 | 1.78 | 123.73 |
| 10 | 14.7.2020 | 39.16 | 41.87 | 123.52 | 1.72 | 120.87 |
| 11 | 15.7.2020 | 40.49 | 43.12 | 126.19 | 1.76 | 122.13 |
| 12 | 16.7.2020 | 40.88 | 43.51 | 125.70 | 1.79 | 124.18 |
| 13 | 17.7.2020 | 40.75 | 43.34 | 123.26 | 1.72 | 122.74 |
| 14 | 21.7.2020 | 40.87 | 43.25 | 123.24 | 1.65 | 123.63 |
| 15 | 22.7.2020 | 41.96 | 44.16 | 128.28 | 1.67 | 127.60 |
| 16 | 23.7.2020 | 41.95 | 44.37 | 128.80 | 1.70 | 127.51 |
| 17 | 24.7.2020 | 41.17 | 43.46 | 126.72 | 1.78 | 125.64 |
| 18 | 27.7.2020 | 41.20 | 43.19 | 128.46 | 1.78 | 125.38 |
| 19 | 28.7.2020 | 41.57 | 43.48 | 128.10 | 1.73 | 125.45 |
| 20 | 29.7.2020 | 41.07 | 43.36 | 125.61 | 1.79 | 123.96 |
| 21 | 30.7.2020 | 41.31 | 43.80 | 124.15 | 1.85 | 125.75 |

Source: Bloomberg Commodities

## ၂၀၂၀ ဇူလိုင်လအတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | July 1 2020 | 114.92 | * | 156.25 | * | 115.15 |
| 2 | July 2 2020 | 114.28 | * | 156.10 | * | 116.30 |
| 3 | July 3 2020 | 113.68 | * | * | * | 117.35 |
| 4 | July 6 2020 | 113.44 | * | 161.80 | * | 118.05 |
| 5 | July 7 2020 | 113.77 | * | 163.65 | * | 119.00 |
| 6 | July 8 2020 | 111.82 | * | 164.30 | * | 118.00 |
| 7 | July 9 2020 | 111.59 | * | 165.25 | * | 118.50 |
| 8 | July 10 2020 | 111.60 | * | 166.65 | * | 119.10 |
| 9 | July 13 2020 | 111.46 | * | 170.30 | * | 118.25 |
| 10 | July 14 2020 | 111.04 | * | 170.30 | * | 117.70 |
| 11 | July 15 2020 | 111.06 | * | 171.10 | * | 117.60 |
| 12 | July 16 2020 | 111.27 | * | 131.30 | * | 117.35 |
| 13 | July 17 2020 | 111.57 | * | 171.30 | * | 118.35 |
| 14 | July 21 2020 | 110.67 | * | 176.10 | * | 117.95 |
| 15 | July 22 2020 | 109.46 | * | 176.55 | * | 118.55 |
| 16 | July 23 2020 | 108.79 | * | 176.75 | * | 118.35 |
| 17 | July 24 2020 | 109.10 | * | 175.25 | * | 119.85 |
| 18 | July 27 2020 | 109.05 | * | 173.65 | * | 120.40 |
| 19 | July 28 2020 | 109.50 | * | 173.90 | * | 120.50 |
| 20 | July 29 2020 | 109.53 | * | 173.90 | * | 120.05 |
| 21 | July 30 2020 | 110.43 | * | 175.20 | * | 125.65 |

Source: Association of natural rubber productng countries

## ရွှေဈေးနှုန်းအခြေအနေ

## ၂၀၂၀ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$ ) နှင့် မြန်မာ့ရွှေဈေး (ကျပ်)


| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.7.2020 | 1785 | 1788 | 1216000 | 1216000 |
| 2 | 2.7.2020 | 1771 | 1789 | 1216500 | 1216000 |
| 3 | 3.7.2020 | 1778 | 1798 | 1219000 | 1218000 |
| 4 | 6.7.2020 | 1776 | 1798 | 1220000 | 1220100 |
| 5 | 7.7.2020 | 1787 | 1800 | 1223000 | 1222700 |
| 6 | 8.7.2020 | 1796 | 1810 | 1224500 | 1224500 |
| 7 | 9.7.2020 | 1812 | 1827 | 1227500 | 1227500 |
| 8 | 10.7.2020 | 1803 | 1805 | 1231000 | 1230000 |
| 9 | 13.7.2020 | 1807 | 1808 | 1232000 | 1232300 |
| 10 | 14.7.2020 | 1802 | 1815 | 1233500 | 1233600 |
| 11 | 15.7.2020 | 1816 | 1813 | 1237000 | 1237900 |
| 12 | 16.7.2020 | 1811 | 1813 | 1240500 | 1242000 |
| 13 | 17.7.2020 | 1801 | 1810 | 1249000 | 1249000 |
| 14 | 21.7.2020 | 1820 | 1826 | 1264100 | 1264500 |
| 15 | 22.7.2020 | 1858 | 1863 | 1287000 | 1286500 |
| 16 | 23.7.2020 | 1869 | 1872 | 1277000 | 1277800 |
| 17 | 24.7.2020 | 1890 | 1960 | 1273000 | 1274000 |
| 18 | 27.7.2020 | 1934 | 1935 | 1300000 | 1296500 |
| 19 | 28.7.2020 | 1951 | 1952 | 1295000 | 1292700 |
| 20 | 29.7.2020 | 1952 | 1953 | 1289000 | 1288500 |
| 21 | 30.7.2020 | 1970 | 1971 | 1286000 | 1287200 |

Source: Bullionvault, etrademyanmar

## ၂၀၂၀၊ ဇူလိုင်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(US$)

| Date | Dollar | Earning |
|---|---|---|
| 1.7.2020 | 1367 | 1367 |
| 2.7.2020 | 1367 | 1364 |
| 3.7.2020 | 1378 | 1375 |
| 6.7.2020 | 1374 | 1372 |
| 7.7.2020 | 1370 | 1372 |
| 8.7.2020 | 1369 | 1367 |
| 9.7.2020 | 1372 | 1371 |
| 10.7.2020 | 1373 | 1371 |
| 13.7.2020 | 1373 | 1372 |
| 14.7.2020 | 1375 | 1375 |
| 15.7.2020 | 1380 | 1377 |
| 16.7.2020 | 1380 | 1380 |
| 17.7.2020 | 1381 | 1382 |
| 21.7.2020 | 1397 | 1391 |
| 22.7.2020 | 1400 | 1388 |
| 23.7.2020 | 1395 | 1382 |
| 24.7.2020 | 1381 | 1371 |
| 27.7.2020 | 1367 | 1362 |
| 28.7.2020 | 1374 | 1362 |
| 29.7.2020 | 1387 | 1372 |
| 30.7.2020 | 1375 | 1365 |

Source: e trade Myanmar




## ၂၀၂၀၊ ဇူလိုင်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.7.2020 | 1506.6 | 49.772 | 213.91 | 1100.8 | 21.011 | 1373.4 |
| 2 | 2.7.2020 | 1504.5 | 49.711 | 213.54 | 1102.7 | 21.012 | 1378.9 |
| 3 | 3.7.2020 | 1500.7 | 49.536 | 212.29 | 1099.8 | 20.935 | 1383.6 |
| 4 | 6.7.2020 | 1500.9 | 49.461 | 213.11 | 1102.2 | 21.005 | 1378.6 |
| 5 | 7.7.2020 | 1501.7 | 49.488 | 213.48 | 1104.3 | 21.026 | 1382.6 |
| 6 | 8.7.2020 | 1503.8 | 49.614 | 213.56 | 1105.5 | 21.140 | 1386.4 |
| 7 | 9.7.2020 | 1506.0 | 49.678 | 213.97 | 1107.7 | 21.246 | 1386.8 |
| 8 | 10.7.2020 | 1510.8 | 49.837 | 214.68 | 1110.9 | 21.320 | 1389.7 |
| 9 | 13.7.2020 | 1512.9 | 50.154 | 215.10 | 1115.4 | 21.416 | 1392.6 |
| 10 | 14.7.2020 | 1510.1 | 49.978 | 216.17 | 1116.5 | 21.365 | 1377.8 |
| 11 | 15.7.2020 | 1507.6 | 49.889 | 215.29 | 1112.0 | 21.252 | 1377.3 |
| 12 | 16.7.2020 | 1506.2 | 49.784 | 215.16 | 1110.6 | 21.250 | 1374.5 |
| 13 | 17.7.2020 | 1505.2 | 49.783 | 215.10 | 1110.2 | 21.181 | 1375.6 |
| 14 | 21.7.2020 | 1503.9 | 49.806 | 214.59 | 1109.8 | 21.154 | 1372.6 |
| 15 | 22.7.2020 | 1499.9 | 49.690 | 213.94 | 1106.4 | 21.071 | 1371.7 |
| 16 | 23.7.2020 | 1496.7 | 49.601 | 213.46 | 1103.9 | 21.026 | 1368.7 |
| 17 | 24.7.2020 | 1493.4 | 49.524 | 213.14 | 1101.7 | 20.989 | 1365.1 |
| 18 | 27.7.2020 | 1487.8 | 49.338 | 212.59 | 1099.3 | 20.858 | 1358.8 |
| 19 | 28.7.2020 | 1361.3 | 43.113 | 194.37 | 986.20 | 18.191 | 1291.7 |
| 20 | 29.7.2020 | 1369.2 | 43.522 | 195.63 | 995.90 | 18.322 | 1305.2 |
| 21 | 30.7.2020 | 1363.7 | 43.409 | 194.72 | 991.10 | 18.226 | 1297.8 |

Source: Central Bank of Myanmar